## Mission

To cooperate with local communities based on their culture, customs, and resources and shared values when implementing environmental conservation and community development activities across the country.

ဧရာဝတီလူမှုရေးအသင်းအဖွဲ့သည် ဧရာဝတီမြစ်ဝှမ်းတလျှောက် မှီတင်းနေထိုင်သော ပြည်သူ သန်း (၂၀) ကို ဦးတည်ကာ လူသားချင်းစာနာထောက်ထားမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိအမြင်ဖွင့်နိုးကြားစေခြင်း လုပ်ငန်းများကို ရပ်ကျေးပြည်သူများနှင့်အတူ ဆောင်ရွက်သွားမည် ဖြစ်သည်။

## Uniqueness

To focus on the 20 million people living in the Ayeyarwaddy River basin by providing humanitarian, environmental and community mobilising agenda. Airavati values inclusion, embraces diversity, equality, and transparency, and promotes the rich cultures that define our identities across the different ethnic nationals that compose the mosiac of the Union of Myanmar.

ပြည်ထောင်စု မြန်မာနိုင်ငံရှိ များပြားစုံလင်လှသော တိုင်းရင်းသားပြည်သူတို့၏ ပေါင်းစည်းအလှကို ပုံဖော်ပေးနေသော ပကတိ အရှိတရားများဖြစ်သည့် ကြွယ်ဝသောယဉ်ကျေးမှုများကို ဧရာဝတီ (Airavati) လူမှုရေးအသင်းအဖွဲ့မှ တတ်အားသရွေ့ ထိန်းသိမ်းမြှင့်တင်သွားမည်ဖြစ်ပြီး၊ မတူကွဲပြားမှုကို လက်ခံခြင်း တန်းတူညီမျှမှုရှိခြင်း ပွင့်လင်းမြင်သာမှုရှိခြင်း တို့အား မြတ်နိုးတန်ဖိုးထားလုပ်ဆောင်သွားမည် ဖြစ်သည်။

ရက်ရောစွာကူညီခဲ့ကြသော ဧရာဝတီ၏ နိုင်ငံတကာမိတ်ဆွေများ (Luz Ani, Judith Koelblinger, Rita Litwiller, Christine Schmutzler, Jane Rasbash, Pracha Hutanawatr) တို့ကို ဧရာဝတီလူမှုရေးအသင်းအဖွဲ့မှ အထူးကျေးဇူးတင်ရှိပါသည်။



# ဧရာဝတီ

## နှစ်ပတ်လည် အစီရင်ခံစာ

၀၁ ဧပြီလ ၂၀၁၄ - ၃၁ မတ်လ ၂၀၁၅

## Imprint

© 2015, Airavati
Printed in Myanmar

Photos by Airavati

Graphic Design and Layout
by Christine Schmutzler

ဧရာဝတီရန်ကုန်ရုံး
တိုက် ၅+၁ (အေ)၊ အခန်း ၂၈
ပါရမီကွန်ဒိုမီနီယမ်အိမ်ယာ
၁၆ရပ်ကွက်၊ လှိုင်မြို့နယ်
ရန်ကုန် ၁၁၅၀၁၊ မြန်မာ
အီးမေးလ် yangon@airavati.net
ဖုန်း ၉၅ ၉ ၂၅၈ ၃၉၀ ၂၃၂

ဧရာဝတီမြစ်ကြီးနားရုံးခွဲ
အမှတ် ၅၄၅ (ဘီ)
မြေမြင့်ရပ်ကွက်
မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်၊ မြန်မာ
အီးမေးလ် myitkyina@airavati.net
ဖုန်း ၉၅ ၇၄ ၂၄၁ ၅၈ ၂၆၂ ၈၇

အသင်းအဖွဲ့မှတ်ပုံတင်ခြင်း
တရားဝင်ဒေသခံအဖွဲ့အစည်း
မှတ်ပုံတင်အမှတ် ၁/ပြည်တွင်း/၀၀၀၃
ပြည်ထဲရေးဝန်ကြီးဌာန/ နိုဝင်ဘာလ ၂၅၊ ၂၀၁၅

အခွန်ကင်းလွတ်ခြင်း
ဘဏ္ဍာရေးဝန်ကြီးဌာန/ ဇန်နဝါရီလ ၁၆၊ ၂၀၁၅
ဘ၁-၁/ ၂၉၀ (၂၇၀/ ၂၀၁၅)

## မာတိကာ

အစီရင်ခံစာ အနှစ်ချုပ် ........ ၁
နိဒါန်း ........ ၂
စီမံချက်ကဏ္ဍများ ........ ၄
(၁) မြစ်ဆုံဒေသရှိ ရပ်ရွာလူထု၏ ကြံ့ကြံ့ခံရင်ဆိုင်တုန့်ပြန်နိုင်စွမ်း ........ ၄
ကလေးသူငယ်စောင့်ရှောက်ရေးနှင့်ကြီးထွားဖွံ့ဖြိုးမှု **(ECCD)** ........ ၄
သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီသောအသက်မွေးဝမ်းကျောင်းမှုဖွံ့ဖြိုးရေးစီမံချက် **(SLDP)** ........ ၈
(၂) မြစ်ဝကျွန်းပေါ်ဒေသရှိရပ်ရွာလူထု၏ ကြံ့ကြံ့ခံရင်ဆိုင်တုန့်ပြန်နိုင်စွမ်း ........ ၁၃
(၃) မြစ်ကမ်းပါးမှဓာတ်ကြောင်းများ ........ ၁၄
(၄) ရပ်ရွာလူထုဦးဆောင်သော ရေဝေရေလဲ မူဝါဒရေးရာ နှိုးဆော်အားပေးမှု ........ ၁၅
(၅) လူမှုသတင်းဖြန့်ဝေခြင်းနှင့်ပူးပေါင်းဆောင်ရွက်ခြင်း **(SIM)** ........ ၁၅
(၆) ကလေးသူငယ်များ ပဋိပက္ခနှင့်စစ်ဘေးရှောင်ဒဏ်မှကျော်လွှားနိုင်စေရေးအနုပညာ ........ ၁၈
အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးရေး ........ ၂၄
ဘဏ္ဍာရေး ........ ၂၅
ဧရာဝတီလူမှုရေးအသင်းအဖွဲ့၏စီမံချက်နေရာများပြမြေပုံ ........ ၂၆
တည်ထောင်သူများနှင့်ဘုတ်အဖွဲ့ဝင်များ ........ ၂၈



ကျေးဇူးတင်စကား

ရောဝတီလူမှုရေးအသင်းအဖွဲ့၏
ပထမနှစ် စီမံကိန်းများကို အကောင်
အထည်ဖော်နိုင်အောင် ကူညီပံ့ပိုးခဲ့ကြသော
ကနဦးအလှူရှင်များ၊ အထူးသဖြင့်
တစ်ဦးချင်းအလှူရှင်များနှင့်
ဒေသခံပိုင်ဆိုင်မှု(local ownership)ကို
အားပေးသော ရောဝတီ၏ မိတ်ဖက်
အဖွဲ့အစည်းများအား ကျေးဇူးတင်ရှိပါသည်။

*Photo: http://www.rd.com/true-stories/inspiring/elephants-save-bridge/*



## အစီရင်ခံစာအနှစ်ချုပ်

ရောဝတီမှာ ဆင်များစံရာမြစ်ဟူသော သက္ကတစာလုံးမှ ဆင်းသက်လာပြီး၊ ရောဝတီလူမှုရေး အသင်းအဖွဲ့ကို ရောဝတီမြစ်ကြီး အနာဂတ်ကာလထာဝရ ဆက်လက်စီးဆင်းနေရန် လိုလားသော မြန်မာပြည်သူလူထု၏ဆန္ဒကို အခြေပြုတည်ထောင်ခဲ့သည်။ ရောဝတီမြစ်သည် ကွဲပြားခြားနားသော တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ ပင်မအသက်သွေးကြောဖြစ်ပြီး ရောဝတီမြစ်ဝှမ်းတလျှောက်မှီတင်းနေထိုင်ကြသည့် သန်း(၂၀)သော ပြည်သူများမှာ ဘိုးဘွားဘီဘင်လက်ထက်ကပင် ရောဝတီမြစ်နှင့် မြစ်၏သဘာဝပတ်ဝန်းကျင်ကို မှီခိုနေထိုင်ခဲ့ကြသည်။

ရောဝတီလူမှုရေးအသင်းအဖွဲ့၏ မဟာဗျူဟာမှာ လူသားချင်းစာနာထောက်ထားမှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ရပ်ရွာလူထုတက်ကြွပါဝင်ရေး (community mobilisation) လုပ်ငန်းစဉ်များကိုတပြိုင်နက် ဦးစားပေးဆောင်ရွက်ရန်ဖြစ်သည်။

ရောဝတီ၏စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် ရပ်ရွာလူထုများ မိမိကြမ္မာ မိမိဖန်တီးနိုင်ရန်နှင့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် အလုံးစုံခြုံငုံစဉ်းစားသောနည်းနှင့် ရပ်ရွာလူထုများ အားလုံးပါဝင်နိုင်သောနည်း (holistic and inclusive approaches) များကိုအသုံးပြုသည်။ အသင်း၏ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများမှာ လူတစ်ဦးတစ်ယောက်ချင်း အပြန်အလှန်လေးစားမှုကို အခြေခံပြီး လူအများစည်းလုံးမှုကိုတည်ဆောက် နိုင်ရန် သာတူညီမျှမှုရှိခြင်း၊ အကျိုးသက်ရောက်မှုရှိခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်းဟူသော မူဝါဒများပေါ်တွင် အခြေခံရေးဆွဲ ထားသည်။ အားလုံးစိတ်တူဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်များ (consensual decision-making processes) အား အခြေခံထားသော စနစ်ဖြင့် စီမံကိန်းနေရာများ အတွင်းတွင် ကျား/မ တန်းတူရည်တူ ရှိမှုနှင့် မတူကွဲပြားသောလူမျိုးစုများနှင့် ဘာသာရေးအသင်းအဖွဲ့များအားလုံးပါဝင်မှု အားကောင်းလာစေရန် ရည်ရွယ်သည်။ ရောဝတီ၏ ပန်းတိုင်မှာ လုပ်ငန်းစဉ်အားလုံးကို ဒေသခံလူထုမှ ပိုင်ဆိုင်စေရန်ဖြစ်ပြီး ဇီဝရုက္ခသက်ရှိအားလုံးအတွက် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီခြင်းနှင့် အချင်းချင်းအပြန်အလှန် ဆက်နွယ်မှုကို ထင်ဟပ်စေသည်။ ရောဝတီလူမှုရေးအသင်းအဖွဲ့၏ ပထမနှစ် စီမံချက်ကို ၂၀၁၅ မတ်လ (၃၁)ရက် ကာလအထိ အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ရာ စီမံကိန်းနယ်မြေများတွင် ရောဝတီ၏ လုပ်ငန်းစဉ်များကို ရပ်ရွာလူထုများသတိထားမိလာပြီး အောင်မြင်မှုများရရှိခဲ့သလို လူထုထံမှသင်ယူစရာများစွာကိုလည်း ရရှိခဲ့သည်။

ရောဝတီ၏စီမံချက်ကို စီမံကိန်းလုပ်ငန်းစဉ်များ တစ်ခုနှင့်တစ်ခုဆက်စပ်မှုရှိသော အဓိကကဏ္ဍ(၆)ခုဖြင့် ဖွဲ့စည်းထားသည်။ စီမံချက်ပါကဏ္ဍများကိုထောက်ပံ့ရန် ပထမနှစ် အသုံးစရိတ်အဖြစ် စုစုပေါင်းရန်ပုံငွေ အမေရိကန် ဒေါ်လာ ၁၆၄,၃၅၂ ကို လက်ခံရရှိခဲ့သည်။ အဆိုပါရန်ပုံငွေထဲမှ အများစုမှာမြစ်ဆုံဒေသရှိ ရပ်ရွာလူထု၏ ကြံ့ကြံ့ခံရင်ဆိုင်တုန့်ပြန်နိုင်စွမ်းကဏ္ဍပါ စီမံကိန်းများအတွက်ဖြစ်သည်။ တစ်ဦးချင်းနှင့် အဖွဲ့အစည်းလိုက်လှူဒါန်းသူများထံမှ လက်ခံရရှိသောရန်ပုံငွေများအပြင် ကလေးသူငယ်များ ပဋိပက္ခနှင့် စစ်ဘေးရှောင်ဒဏ်မှကျော်လွှားနိုင်စေရေး အနုပညာ စီမံကိန်းအတွက် ကင်မရာတစ်လုံး၊ ကားတစ်စီး၊ စီမံကိန်းရုံးတို့လည်းရရှိခဲ့သည်။ တိုက်ရိုက်အကျိုးခံစားရသူ (၇၂၉)ယောက်အပြင်၊ စီမံကိန်းဒေသခံ ပြည်သူများမှာ မြေယာဥပဒေ၊ အရပ်ဖက်လူ့အဖွဲ့အစည်းဆိုင်ရာ အစည်းအဝေးပွဲများနှင့် လေ့ကျင့်သင်ကြားရေး တွေ့ဆုံဆွေးနွေးရေးတို့နှင့် ဆက်စပ်သောစီမံကိန်းများတွင် ပါဝင်တက်ရောက်ခဲ့ကြသည်။ ကလေး သူငယ်များ ပဋိပက္ခနှင့် စစ်ဘေးရှောင်ဒဏ်မှကျော်လွှားနိုင်စေရေး အနုပညာ စီမံကိန်းနှင့် ကလေးသူငယ်စောင့်ရှောက်ရေးနှင့် ကြီးထွားဖွံ့ဖြိုးမှု (ECCD) စီမံကိန်းမှ ကလေးစုစုပေါင်း (၄၂၈) ယောက် တိုက်ရိုက်အကျိုးခံစားခဲ့ရသည်။ အခြားတိုက်ရိုက်အကျိုး ခံစားရသူများတွင် ကလေးများကျောင်းထားနိုင်ရန် ဝင်ငွေရရှိစေမည့် ဒေသအလိုက် စီမံကိန်းများဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ကြသော ECCD မှ ဆရာ၊ ဆရာမများနှင့် ကလေးငယ်များ၏ မိဘများလည်း ပါဝင်သည်။

စီမံကိန်းနှင့်ပတ်သတ်သူများ၏ ခံယူချက်နှင့် ရည်ရွယ်ချက်ကိုအားကောင်းလာစေမည့် စီမံကိန်းနှင့် ပတ်သတ်သူများ အစည်းအဝေးတစ်ခုနှင့် အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးမှု အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ထိုနှစ်အတွင်းကျင်းပနိုင်ခဲ့သည်။ ရောဝတီသည် ရပ်ရွာလူမှုအဖွဲ့အစည်းများ ကျစ်လျစ်သန်မာလာပြီး ဒေသခံလူထုအချင်းချင်း အပြန်အလှန်ကူညီနိုင်အောင် စီမံချက်လုပ်ငန်းစဉ်များအတွက် လူအားငွေအားဥာဏ်အားကို အတတ်နိုင်ဆုံးအသုံးချလျှက်ရှိသည်။ စီမံချက်များ၏ ရည်ရွယ်ချက်မှာ ရေရှည်တွင် စီမံကိန်းဒေသခံရပ်ရွာလူထု၏ ဘဝအရည်အသွေး (quality of life) ကောင်းမွန်လာရေး အတွက်ဖြစ်သည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းများ အားကောင်းခိုင်မာစေခြင်းသည် ရောဝတီ၏ အဓိကစီမံချက်တစ်ခုဖြစ်ပြီး အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ရပ်ရွာလူထုကိုအခြေပြုသော အဖွဲ့အစည်းများ၏ ကိုယ်ထူကိုယ်ထလုပ်ကိုင်နိုင်စေရန် ရောဝတီမှ ဝိုင်းဝန်းကူညီပေးသည်။ မြစ်ဝကျွန်းပေါ်ဒေသအပြင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ ရပ်ရွာလူထုများနှင့်သာမက မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၊ ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့ (Network Activities Group, NAG) နှင့်လည်းပဲတတ်စွမ်းသမျှ ပူးပေါင်းလုပ်ဆောင်နိုင်ခဲ့သည့်အတွက် ဂုဏ်ယူကျေနပ်စရာဖြစ်ပါသည်။

# နိဒါန်း

၂၀၁၃ နိုဝင်ဘာလတွင် မြစ်ဆုံဒေသခံလူထု၏ လက်တွေ့လိုအပ်ချက်အချို့ကို ဖော်ထုတ်နိုင်ရန် ကွင်းဆင်းလေ့လာပြီး ထိုလိုအပ်ချက်များကို မဟာဗျူဟာနည်းကျကျ ကိုင်တွယ်ရန် အောက်ပါ စီမံချက်ကဏ္ဍ (၆)ခုကိုစတင်ခဲ့သည်။

- မြစ်ဆုံဒေသရှိ ရပ်ရွာလူထု၏ကြံ့ကြံ့ခံရင်ဆိုင်တုန့်ပြန်နိုင်စွမ်း
- မြစ်ဝကျွန်းပေါ်ဒေသရှိ ရပ်ရွာလူထု၏ကြံ့ကြံ့ခံရင်ဆိုင်တုန့်ပြန်နိုင်စွမ်း
- ဧရာဝတီမြစ်ကမ်းပါးမှ ဇာတ်ကြောင်းများ
- ရပ်ရွာလူထုဦးဆောင်သော ရေဝေရေလဲ မူဝါဒရေးရာ နှိုးဆော်အားပေးမှု
- လူမှုသတင်းဖြန့်ဝေခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း(SIM) နှင့်
- ကလေးသူငယ်များ ပဋိပက္ခနှင့်စစ်ဘေးရှောင်ဒဏ်မှ ကျော်လွှားနိုင်စေရေးအနုပညာ

စီမံကိန်းများကို ပြည်နယ် (၂)ခု (ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း) နှင့် တိုင်းဒေသကြီး (၂)ခု (ဧရာဝတီ နှင့် ရန်ကုန်) တို့တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီး အပူပိုင်းဇုန်ဒေသများဖြစ်သည့် တိုင်းဒေသကြီး (၃)ခု (မန္တလေး၊ စစ်ကိုင်းနှင့် မကွေး) တို့တွင်လည်းတိုးချဲ့ရန်စီစဉ်ထားသည်။ ဧရာဝတီလူမှုအသင်းအဖွဲ့တွင် ဝန်ထမ်း (၈)ဦး၊ တစ်ပြည်လုံးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်သူဝန်ထမ်း (၄)ဦးနှင့် လုပ်ဖော်ကိုင်ဖက်/စေတနာ့ဝန်ထမ်း (၆)ဦး ပါဝင်သည်။ တိုင်းဒေသကြီး (၁)ခုနှင့် ပြည်နယ် (၂)ခုတို့တွင် ဒေသခံဝန်ထမ်းများမှ စီမံကိန်းများစတင်လုပ်ဆောင်နေပြီဖြစ်သော်လည်း ပထမနှစ်အတွင်း စီမံကိန်းအများစုမှာ မြစ်ဆုံဒေသတွင် အကောင်အထည်ဖော်ခဲ့သည်။ တစ်ပြည်လုံးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေး ဝန်ထမ်းအင်အားစုမှာ ရန်ကုန်မြို့တွင် အခြေစိုက်သည်။

ဧရာဝတီ၏ ပထမနှစ်စီမံချက်ကဏ္ဍ (၆)ခုတွင် မြစ်ဆုံဒေသရှိ ရပ်ရွာလူထု၏ ကြံ့ကြံ့ခံရင်ဆိုင်တုန့်ပြန်နိုင်စွမ်း၊ လူမှုသတင်းဖြန့်ဝေခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကလေးသူငယ်များ ပဋိပက္ခနှင့် စစ်ဘေးရှောင်ဒဏ်မှ ကျော်လွှားနိုင်စေရေး အနုပညာ (ကလေးပန်းချီစီမံကိန်း)တို့ကို ပိုမိုပြည့်ဝစွာ အကောင်အထည်ဖော်နိုင်ခဲ့သည်။ မြစ်ဝကျွန်းပေါ်ဒေသရှိ ရပ်ရွာလူထု ကြံ့ကြံ့ခံရင်ဆိုင်တုန့်ပြန်နိုင်စွမ်း၊ မြစ်ကမ်းပါးမှ ဇာတ်ကြောင်းများနှင့် ရပ်ရွာလူထုဦးဆောင်သော ရေဝေရေလဲ မူဝါဒရေးရာနှိုးဆော်အားပေးမှုတို့ပါဝင်သော အခြားကဏ္ဍ (၃) ခုကို ဒုတိယနှင့် တတိယမြောက်နှစ်အတွင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားပြီးဖြစ်သည်။ ထို့ပြင် မြစ်ဝကျွန်းပေါ်စီမံကိန်းတွင် ပါဝင်သောကျေးရွာတစ်ရွာရှိ ရွာသူရွာသားများမှ မိမိတို့ကိုယ်ပိုင်ရန်ပုံငွေဖြင့် တပိုင်တနိုင် ငွေစုငွေချေးအသင်းဖွဲ့စည်းရန် ပထမခြေလှမ်းစတင်နိုင်ခဲ့သည်။ ဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကိုယ်တိုင် စီမံကိန်းအခြေအနေကို စီမံကိန်းနေရာများဖြစ်သော ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းဒေသများသို့ ရုံဖန်ရံခါ သွားရောက် သုံးသပ်ခဲ့သည်များလည်းရှိပါသည်။

လက်နက်ကိုင်ပဋိပက္ခများ မပြီးဆုံးသေးသော်လည်း စီမံကိန်းများကို စီမံချက်ကဏ္ဍများ၏ ရည်မှန်းချက်ရောက်အောင် လုပ်ဆောင်သွားမည်။ မြစ်ဆုံဒေသရှိရပ်ရွာလူထု၏ ကြံ့ကြံ့ခံရင်ဆိုင်တုန့်ပြန်နိုင်စွမ်းစီမံချက်ကဏ္ဍတွင် ပိုမိုစုံလင်သည့် သတင်းအချက်အလက်များပါရှိသည်မှာ ရန်ပုံငွေ၏ ပမာဏအများဆုံးကိုလက်ခံရရှိခြင်းနှင့် ၎င်း၏ယေဘုယျအကျိုးသက်ရောက်မှုကို တိုင်းတာရန် စီမံချက်ခန့်ခွဲမှု လုပ်ခဲ့သောကြောင့်ဖြစ်သည်။

သီးခြားစီမံကိန်းတစ်ခုချင်း လုပ်ထုံးလုပ်နည်းအစား ဘက်ပေါင်းစုံ ပါဝင်သောစီမံချက်နည်းကို အသုံးပြုသောကြောင့် ဧရာဝတီ၏ စီမံခန့်ခွဲမှုအလုပ်ဝန်မှာ ကြီးလေးလှပါသည်။ မဟာဗျူဟာစီမံကိန်း ရေရှည်လည်ပတ်နိုင်စေရန်နှင့် ထိရောက်မှုရှိစေရန် စီမံကိန်းကာလကိုကျော်လွန်၍ အသုံးချနိုင်သည့် လုပ်ငန်းသုံးရန်ပုံငွေ သို့မဟုတ် တိုက်ရိုက်မဟုတ်သော အဖွဲ့အစည်းရန်ပုံငွေများ မရှိမဖြစ်လိုအပ်သည်။ အထူးစိုးရိမ်ရသည့် အချက်တစ်ချက်မှာ အလှူရှင်များက သီးခြားအစီရင်ခံစာပေးရန် တောင်းဆိုမှုနှင့် စီမံကိန်းတိုက်ရိုက်မဟုတ်သော အဖွဲ့အစည်းဆိုင်ရာ ရံပုံငွေ၏ အရေးကြီးမှုကို လျစ်လျူရှုခြင်းတို့သည် စိုးရိမ်စရာအချက်များဖြစ်နေပါသည်။ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးကို ဤကဲ့သို့သော အဟန့်အတားများက စိန်ခေါ်နေသည်။

ဤအစီရင်ခံစာတွင် စီမံချက်ကဏ္ဍအလိုက် အောင်မြင်မှုများကို အစီအစဉ်တကျရေးသားဖော်ပြ၍ စုစည်းထားသည်။ အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဏ္ဍာရေးကဏ္ဍများလည်း ပါဝင်သည်။

## ဧရာဝတီလူမှုရေးအသင်းအဖွဲ့၏ မျှော်မှန်းချက်နှင့်တာဝန်

*တည်ထောင်သူအဖွဲ့ဝင်များမှ ရေးဆွဲသည်။*

### မျှော်မှန်းချက်

ဧရာဝတီမြစ် အနာဂတ်ကာလ ထာဝရ ဆက်လက်စီးဆင်းနေရန်နှင့် မြစ်၏ ပတ်ဝန်းကျင်တွင် မှီတင်းနေထိုင်ကြသော ရပ်ရွာလူထုများ၏ ဘဝရပ်တည်မှုနှင့် သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးမှုတို့ကို ကာကွယ်စောင့်ရှောက်ရန်

### ရပ်တည်ချက်

နိုင်ငံတစ်ဝှမ်း ရပ်ရွာလူထုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းကို အကောင်အထည်ဖော်ရာတွင် ဒေသခံရပ်ရွာလူထု၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ သယံဇာတများနှင့် တူညီသောတန်ဖိုးထားမှုများကို အခြေပြုပြီး ဒေသခံရပ်ရွာလူထုများနှင့်အတူ





## စီမံချက်ပါကဏ္ဍအလိုက် လုပ်ဆောင်နိုင်ခဲ့သောအောင်မြင်မှုများ အကျဉ်းချုပ်

| | စီမံချက်ကဏ္ဍများနှင့်ဒေသ | အောင်မြင်မှုများ |
|---|---|---|
| ၁ | ကချင်ပြည်နယ် မြစ်ဆုံဒေသရွာ (၄)ရွာတွင် ရပ်ရွာလူထု၏ကြံ့ကြံ့ခံရင်ဆိုင်တုန့်ပြန်နိုင်စွမ်း | ကလေးသူငယ် စောင့်ရှောက်ခြင်း နှင့် ကြီးထွားဖွံ့ဖြိုးမှု (ECCD)<br>▪ အသစ်ဆောက်လုပ်ခဲ့သော/ပြန်လည်ပြုပြင်ခဲ့သော ECCD သင်တန်းရိပ်သာ (၃) ခု<br>▪ ဆရာ၊ ဆရာမများ၊ မိဘများ နှင့် ရပ်ရွာလူထုအဖွဲ့ဝင်များအတွက် သင်တန်းများ<br>▪ သင်တန်းများ ဖြစ်မြောက်အောင်ဆောင်ရွက်နေသော ကျေးရွာစီမံခန့်ခွဲရေးကော်မတီများ (VMCs) သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီသော အသက်မွေးဝမ်းကျောင်းမှုဖွံ့ဖြိုးရေးစီမံချက် (SLDP)<br>▪ တိုက်ရိုက်အကျိုးခံစားရသူ (၂၄၁) ယောက်နှင့် အိမ်ထောင်စု (၇၈) စုဖြင့်အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းစီမံကိန်းကို စတင်ခဲ့သည်။<br>▪ အဖွဲ့ဝင်ဦးရေ (၄၇) ယောက်ဖြင့် အသေးစားငွေချေးလုပ်ငန်းအဖွဲ့ (MCU) ကိုဖွဲ့စည်းနိုင်ခဲ့သည်။<br>▪ သစ်တောမျိုးစေ့များနှင့် လိုအပ်သည့်စက်ကိရိယာများကို ရွာ (၂)ရွာမှ အိမ်ထောင်စု (၁၂၄)စု ကလက်ခံရရှိခဲ့သည်။<br>▪ အကျိုးခံစားရသူများနှင့် ကျေးရွာစီမံခန့်ခွဲရေးကော်မတီ (VMC) များအတွက်စီစဉ်ပေးထားသော သင်တန်းများ<br>▪ ကျေးရွာစီမံခန့်ခွဲရေးကော်မတီ (VMC) မှ ပုံမှန် အစည်းအဝေးများ ဦးစီးကျင်းပလျက်ရှိသည်။<br>▪ စောင့်ကြည့်လေ့လာရေးအစီအစဉ် တစ်ခု (PME) ကို လုပ်ဆောင်နိုင်ခဲ့သည်။ |
| ၂ | ရပ်ရွာလူထု၏ကြံ့ကြံ့ခံရင်ဆိုင်တုန့်ပြန်နိုင်စွမ်း (ရန်ကုန်တိုင်းဒေသကြီး) | ရွာသူရွာသားများ၏ကိုယ်ပိုင်ရန်ပုံငွေဖြင့် ရွာတစ်ရွာတွင် အသေးစားငွေချေးလုပ်ငန်းအဖွဲ့တစ်ဖွဲ့ (MCU) တည်ထောင်နိုင်ခဲ့သည်။ |
| ၃ | မြစ်ကမ်းပါးမှဇာတ်ကြောင်းများ (ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးများ) | ▪ မြစ်ကမ်းပါးမှဇာတ်ကြောင်းများခေါင်းစဉ်ဖြင့် တက်ရောက်ဆွေးနွေးသူအယောက် (၂၀) ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲတစ်ခုကိုကျင်းပနိုင်ခဲ့သည်။<br>▪ သတင်းစာများနှင့် ကွန်ယက်အဖွဲ့အစည်းများမှတဆင့် ကြော်ငြာချက်ထုတ်ပြန်ခဲ့သည် ပုံပြင်များ၊ စာစီစာကုံးများနှင့် ကဗျာများ ပါဝင်သော စာမူ (၁၅)ခု ရရှိခဲ့သည်။ |
| ၄ | ရပ်ရွာလူထုဦးဆောင်သော ရေဝေရေလဲ မူဝါဒရေးရာ နှိုးဆော်အားပေးမှု (ဧရာဝတီတိုင်းဒေသကြီး) | ဧရာဝတီလူမှုအသင်းအဖွဲ့၏ဝန်ထမ်းများမှ မိမိတို့၏အတတ်ပညာနှင့်အသိပညာကိုအခြေခံကာ (၂) နှစ်အတွင်း သင်တန်းများပို့ချပေးရန် ဆောင်ရွက်လျက်ရှိပါသည် |
| ၅ | လူမှုသတင်းဖြန့်ဝေခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း (ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်) | ▪ လူမှုသတင်းဖြန့်ဝေခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအဖွဲ့ ဖွဲ့စည်းခဲ့သည်။<br>▪ လယ်သမားကွန်ယက်အဖွဲ့အစည်း ဖွဲ့စည်းနိုင်ခဲ့သည်။<br>▪ မြေယာထိန်းသိမ်းရန် နှင့် ယဉ်ကျေးမှုနယ်ပယ်များကို ကာကွယ်စောင့်ရှောက်ရန် စီမံကိန်းများကို စတင်ဆောင်ရွက်နိုင်ခဲ့သည်။<br>▪ မြစ်ဆုံရေကာတာစီမံကိန်းရပ်ဆိုင်းခြင်း နှစ်ပတ်လည်အစီအစဉ်အတွက် ပံ့ပိုးကူညီနိုင်ခဲ့သည်။<br>▪ မြေယာဥပဒေအသိပေးရေး အလုပ်ရုံဆွေးနွေးပွဲ ဆောင်ရွက်နိုင်ခဲ့သည်။<br>▪ အရပ်ဘက်လူမှုအဖွဲ့အစည်းဆိုင်ရာ ဆွေးနွေးပွဲ (၈)ခု ကျင်းပနိုင်ခဲ့သည်။ |
| ၆ | ကလေးသူငယ်များ ပဋိပက္ခနှင့် စစ်ဘေးရှောင်ဒဏ်မှ ကျော်လွှားနိုင်စေရေး အနုပညာ (ကချင်ပြည်နယ်) | ▪ လိုင်ဇာတွင် ရုံးခန်းတစ်ခုဖွင့်ခဲ့ပြီး ဝန်ထမ်း (၃)ဦး ခန့်ထားနိုင်ခဲ့သည်။<br>▪ ကျောင်း(၃)ကျောင်းတွင်ပညာသင်ကြားနေသောကျောင်းသား၊ကျောင်းသူပေါင်း(၂,၉၂၇)ယောက်ထံမှအခြေခံအချက်အလက်များစုဆောင်းနိုင်ခဲ့သည်။<br>▪ စီမံကိန်းတွင်ပါဝင်မည့် ကျောင်းသား၊ ကျောင်းသူအယောက် (၃၅၀)ကို ရွေးချယ်ခဲ့ပြီး အကောင်အထည်ဖော်နိုင်ခဲ့သည်။<br>▪ မူလတန်းကျောင်းသူ၊ ကျောင်းသားများမှ ပန်းချီကားပေါင်း (၁,၀၈၇)ခု ရေးဆွဲခဲ့သည့် ပန်းချီသင်တန်းတစ်ခုကိုဖွင့်လှစ်ခဲ့သည့်အပြင် ဖေဖဝါရီလတွင် ကျောင်းသား၊ ကျောင်းသူ (၁၂၀) ပါဝင်သော နောက်ထပ်ပန်းချီသင်တန်းတစ်ခုကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်။<br>▪ ရွှံ့ပန်းပုလက်ရာကိုအသုံးပြုပြီး ကချင်ကလေးငယ်အယောက် (၅၀) အတွက် ပထမအကြိမ်နယ်စပ်ဒေသချင်း အနုပညာအပြန်အလှန်ဖလှယ်မှုကို စတင်ဆောင်ရွက်ခဲ့သည်။<br>▪ စစ်ပွဲနှင့် စစ်ဘေးရှောင်ဒဏ်များ၏ အကျိုးဆက်ကို ရပ်ရွာလူထုအဖွဲ့ဝင် (၉)ဦးနှင့် ကျောင်းသား၊ ကျောင်းသူအယောက် (၂၀)တို့၏ ဘဝဇာတ်ကြောင်းများဖြင့် စုစည်းတင်ပြခဲ့သည်။<br>▪ ကလေးငယ်များ၏ အနုပညာလက်ရာပြပွဲများကို (၅)ကြိမ်တိုင်တိုင်ပြသခဲ့ရာ စီမံကိန်းအား သိရှိနားလည်မှုကို မြှင့်တင်နိုင်ခဲ့သည်။ |

# ၁။ မြစ်ဆုံဒေသရှိ ရပ်ရွာလူထု၏ ကြံ့ကြံ့ခံရင်ဆိုင်တုန့်ပြန်နိုင်စွမ်း

## နိဒါန်း

နိုဝင်ဘာ ၂၀၁၃ တွင် ပြုလုပ်ခဲ့သော ရပ်ရွာလူထုပူးပေါင်းပါဝင်သော အခြေခံလိုအပ်ချက် လေ့လာဆန်းစစ်မှုမှာ မြစ်ဆုံရေကာတာစီမံကိန်းကြောင့် ပြောင်းရွှေ့ခံရသော မြစ်ဆုံဒေသရှိရွာ (၄) ရွာမှ မိသားစုများ၏ လက်ရှိစားဝတ်နေရေး အခက်အခဲများကို မီးမောင်းထိုးပြခဲ့သည်။ အခြေခံလိုအပ်ချက်များစွာ ရှိနေသေးသော်လည်း ကလေးငယ်များ၏ ပညာရေးအခွင့်အလမ်းမရှိခြင်းနှင့် အသက်မွေးဝမ်းကျောင်းမှု အထောက်အပံ့မရှိခြင်းတို့ကို ဦးစားပေးကိစ္စရပ် (၂) ခုအဖြစ်သတ်မှတ်ခဲ့သည်။ အဆိုပါ ဦးစားပေးကိစ္စရပ်များကို တုန့်ပြန်ရာတွင် ရပ်ရွာလူထုကိုယ်တိုင်ပါဝင်ဆောင်ရွက်သော ဖွံ့ဖြိုးတိုးတက်ရေး (PAR model) တွင် ရန်ပုံငွေများကို အဓိကသုံးစွဲခဲ့သည်။ အန္တိမရည်ရွယ်ချက်မှာ ကိုယ့်အားကိုယ်ကိုးလာနိုင်ရန်ဖြစ်သောကြောင့် စီမံကိန်းများ ကိုယ်တိုင်ရေး၊ ကိုယ်တိုင်စီမံခန့်ခွဲ၊ ကိုယ်တိုင်ဆုံးဖြတ်ချက်ချ၊ ကိုယ်တိုင်စောင့်ကြည့်စစ်ဆေးနိုင်ရန် ရပ်ရွာလူထုအား လေ့ကျင့်ပေးခဲ့သည်။

မြန်မာနိုင်ငံနေရာအနှံ့တွင် အောင်မြင်နေသော ကလေးသူငယ်စောင့်ရှောက်ခြင်းနှင့် ကြီးထွားဖွံ့ဖြိုးမှုလုပ်ငန်းပုံစံကို ဧရာဝတီကလည်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။ မူလတန်းကျောင်းနေနိုင်ရေး လေ့ကျင့်ပေးရန် အသက် (၅)နှစ်နှင့်အောက်ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးရေးနှင့် ကြီးထွားရင့်သန်မှုတို့တွင် ECCD ၏လုပ်ရှားမှုများသည် အဓိကအာရုံစိုက်ထားပါသည်။

သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီသော အသက်မွေးဝမ်းကျောင်းမှု ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် (SLDP) သည် မွေးရပ်ဒေသမှ ရွှေ့ပြောင်းခံရပြီး ပြန်လည်နေရာချထားခံရသော မိသားစုများကို ပြန်လည်ထူမတ်ပေးနိုင်ရန် ဒေသခံအသက်မွေးဝမ်းကျောင်းမှု စီမံကိန်းမတည်ရန် ရန်ပုံငွေများ ထောက်ပံ့ပေးခဲ့သည်။

စီမံချက်တစ်ခုချင်းအလိုက် ရည်ရွယ်ချက်များ၊ လှုပ်ရှားမှုလုပ်ငန်းများနှင့် အောင်မြင်မှုများ၏ အသေးစိတ်အချက်အလက်များကို ဆက်လက်တင်ပြထားသည်။

## ရှေးဦးကလေးသူငယ်စောင့်ရှောက်ခြင်းနှင့် ကြီးထွားဖွံ့ဖြိုးမှု (ECCD)

ECCD စီမံချက်၏ ယေဘုယျရည်ရွယ်ချက်မှာ မွေးကင်းစမှ အသက် (၅) နှစ်အရွယ် ကလေးငယ်လေးများ၏ ကျန်းမာရေး၊ အထွေထွေဖွံ့ဖြိုးရေးနှင့် လေ့လာသင်ယူနိုင်မှုစွမ်းရည်မြင့်မားရေးအတွက်ဖြစ်သည်။ ECCD ကို ပြန်လည်နေရာချထားသောဒေသဖြစ်သည့် အောင်မြင်သာရွာအပါအဝင် သတ်မှတ်ထားသည့် ကျေးရွာ (၄) ရွာတွင် အကောင်အထည်ဖော်ခဲ့သည်။ ECCD အဖွဲ့သစ် ဖွဲ့စည်းရန် အသက် (၅)နှစ်အောက် ကလေးအရေအတွက် မပြည့်မီသော စတုတမြောက်ကျေးရွာရှိ ကလေးများမှာ ရှိပြီးသား မူလတန်းကြိုကျောင်း (၂)ကျောင်းတွင် တက်ရောက်နေသည့် အတွက်ကြောင့် ကျေးရွာ(၃)ရွာတွင်သာ ECCD စီမံကိန်းများကို အကောင်အထည်ဖော်ခဲ့သည်။

ဖွံ့ဖြိုးရေးလုပ်ဆောင်ချက်များ/ လှုပ်ရှားမှုများ

အသေးစိတ်ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် ECCD လုပ်ငန်းတွင် အောက်ဖော်ပြပါ ဖွံ့ဖြိုးရေးလုပ်ဆောင်ချက်များကို သတ်မှတ်လုပ်ဆောင်ခဲ့သည်။

၁. ဆရာဆရာမများ၊ မိဘများ၊ ECCD စီမံခန့်ခွဲရေးကော်မတီနှင့်ရပ်ရွာလူထုခေါင်းဆောင်များ၏ စွမ်းရည်တည်ဆောက်ခြင်း
၂. ဆရာဆရာမနှင့်ကလေးသူငယ်များ၏ ပညာရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများထောက်ပံ့ခြင်း
၃. ECCD သင်တန်းရိပ်သာ၏လက်ရှိ အထောက် အကူပစ္စည်းများနှင့် အဆောက်အအုံများကို ပြုပြင်မွမ်းမံခြင်း
၄. ကလေးသူငယ်များ၏အာဟာရအတွက် ဖြည့်စွက်ထောက်ပံ့ခြင်း
၅. ဝင်ငွေလည်ပတ်ရေးစီမံကိန်းများက အိမ်တွင်းစီးပွားရေး အာမခံချက်ကို မြှင့်တင်ပေးနိုင်သည်သာမက ECCD သင်တန်းရိပ်သာ၏ လုပ်ငန်းများကို ထောက်ပံ့လာနိုင်သည့်အခါတွင် ဆရာဆရာမများအား စီမံကိန်းပထမနှစ်အတွင်း အပိုလစာထောက်ပံ့ခြင်းအစီအစဉ်ကို ဒုတိယနှစ်တွင် ရပ်ဆိုင်းမည်ဖြစ်ပါသည်။



တိကျသော ရည်မှန်းချက်များနှင့် သက်ဆိုင်သော လှုပ်ရှားမှုရလဒ်များကို ဇယားတွင်ပြထားသည်။



ဧရာဝတီ လူမှုရေးအသင်းအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာ၊ ဇွန်လ ၂၀၁၅

## ရည်မှန်းချက်အလိုက် ECCD ၏အောင်မြင်မှုများ အနှစ်ချုပ်

| ရည်မှန်းချက်များ | အောင်မြင်မှုများ | အောင်မြင်ခဲ့သောရည်မှန်းချက်နှင့် လှုပ်ရှားမှု တစ်ခုချင်းစီ၏ အတိုင်းအတာဒီဂရီအကျဉ်းချုပ် |
|---|---|---|
| ၁ | ကျေးရွာ(၄)ရွာရှိ အသက် (၅)နှစ်နှင့်အောက်ကလေးများ၏ အနည်းဆုံး (၅၀)ရာနှုန်း (စုစုပေါင်း၁၅၀)သည် ECCD သင်တန်းရိပ်သာများတွင် စာရင်းပေးသွင်းထားသည် | |
| ဦးစားပေးရပ်ရွာ (၄)ခုတွင် အသက် (၅)နှစ်နှင့် (၅)နှစ်အောက်အရွယ် ကလေးငယ်များအတွက် အဆင့်မီပညာရေးဖော်ဆောင်ခြင်း | ▪ ECCD သင်တန်းရိပ်သာ (၃)ခုတွင်စာရင်းရှိ ကလေးဦးရေ (၇၈)ယောက် (ကျား ၄၄၊ မ ၃၄)<br>▪ ECCD သင်တန်းရိပ်သာ (၃)ခုအတွက် ခန့်အပ်ထားသော ဆရာ/ ဆရာမ (၆)ဦး | ▪ သတ်မှတ်ထားသောကလေးဦးရေ၏ (၁၃၀%) ECCD သင်တန်းရိပ်သာ (၃)ခုတွင် စာရင်းပေးသွင်းနိုင်ခဲ့<br>▪ သတ်မှတ်ထားသောဆရာ/ ဆရာမဦးရေ၏ (၁၀၀%) ECCD သင်တန်းရိပ်သာ (၃)ခုတွင် ခန့်ထားနိုင်ခဲ့သည်။ |
| | ကလေးများအတွက် ဘေးကင်းလုံခြုံ၍ ပညာကောင်းစွာသင်ယူနိုင်မည့် ပတ်ဝန်းကျင်တစ်ခု ဖန်တီးနိုင်ရန် မြစ်ဆုံကျေးရွာ (၄)ရွာရှိ ECCD သင်တန်းရိပ်သာများတွင် ပစ္စည်းကိရိယာ အပြည့်အစုံတပ်ဆင်ပေးခဲ့သည်။ | |
| | ECCD သင်တန်းရိပ်သာ (၂)ခုမှ လက်ခံရရှိသောထောက်ပံ့မှုများ<br>▪ မျက်နှာကျက်၊ နံရံနှင့် မီးဖိုချောင်တစ်ခု၊ ကလေးကစားကွင်းသုံးပစ္စည်းများ<br>▪ ပရိဘောဂ၊ အိမ်သာသုံးပစ္စည်းများ မိလ္လာ၊ ရေဆိုးနုတ်စနစ်။<br>▪ သင်ကြားရေးနှင့်ပညာရေးဆိုင်ရာသင်ထောက်ကူပစ္စည်းများ<br>▪ ဒေသထွက်ပစ္စည်းဖြင့်ပြုလုပ်သော ကလေးငယ်များအတွက်သင့်တော်သော ကစားစရာ ECCD သင်တန်းရိပ်သာတစ်ခုတွင် ရေပေးဝေသည့်စနစ်၊ အိမ်သာသုံးပစ္စည်းများ၊ ကြမ်းခင်းဖျာနှင့် ကလေးကစားစရာများကို ထောက်ပံ့နိုင်ခဲ့သည်။ ECCD သင်တန်းရိပ်သာ (၂)ခုမှ ကလေး (၅၉)ယောက်ကို ဖြည့်စွက်အာဟာရ တိုက်ကျွေးခဲ့သည်။ | ECCD သင်တန်းရိပ်သာများအတွက် သတ်မှတ်ထားသည့် ရည်မှန်းချက်များမှာ အောင်မြင်ခဲ့သည်။<br>သတ်မှတ်ထားသည့် ECCD မှကလေးငယ်များ၏ (၉၇%) မှာ ဖြည့်စွက်အစားအစာရရှိခဲ့သည်။ |
| ၂ | ECCD မှ ဆရာ/ ဆရာမများ၊ မိဘများ၊ ရပ်ရွာကိုယ်စားလှယ်များ/ ခေါင်းဆောင်များ၏ စွမ်းဆောင်နိုင်ရည်ကို မြှင့်တင်ပေးနိုင်ခဲ့သည်။ | |
| အသက်(၅)နှစ် နှင့် (၅)နှစ်အောက် ကလေးငယ်များအတွက် လျော်ကန်သည့်ကလေးသူငယ်စောင့်ရှောက်မှုနှင့် ပြုစုပျိုးထောင်သည့် အလေ့အကျင့်များကို သိရှိနားလည်ပြီး လမ်းညွှန်နိုင်မည့် ဆရာ၊ ဆရာမများ၊ မိဘများ၊ ရပ်ရွာလူထုခေါင်းဆောင်များနှင့် ဒေသခံများ၏ စွမ်းရည်မြှင့်တင်ပေးခြင်း | စွမ်းရည်မြှင့်တင်ခြင်းအဖြစ် ပါဝင်သောသင်တန်းများမှာ<br>▪ မိဘပညာပေးပံ့ပိုးသူများသင်တန်းတွင် မိဘအယောက် (၂၀) (ကျား ၃၊ မ ၁၇) တက်ရောက်ခဲ့သည်။<br>▪ ဆရာ၊ ဆရာမ (၅)ယောက် ပါဝင်သော တစ်လကြာဆရာဖြစ်သင်တန်း<br>▪ ဖွံ့ဖြိုးတိုးတက်ရေးအသိမြှင့်တင်ရေး (ECCD) သင်တန်းတွင် ECCD မှ ပါဝင်သူ (၉၆)ယောက် တက်ရောက်ခဲ့သည်။<br>▪ ကလေးကစားစရာပြုလုပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ECCD သင်တန်းရိပ်သာ (၃)ခုမှ မိဘ (၁၄)ယောက် (ကျား ၂၊ မ ၁၂) ပါဝင်ခဲ့သည်။ | ကျေးရွာ (၃)ရွာမှ သတ်မှတ်ထားသောမိဘဦးရေ၏ (၂၅၀%) (မူလမှန်း ထားသည် မှာသင်တန်း တက်ရောက်မည့် မိဘ (၈)ဦး ဖြစ်သည်) (၁၀၀%) ကျေးရွာ (၂)ရွာမှ သတ်မှတ်ထားသော ရပ်ရွာအဖွဲ့ဝင်ဦးရေ၏ (၉၆%)<br>ကျေးရွာ (၂)ရွာမှ သတ်မှတ်ထားသောမိဘဦးရေ၏ (၁၇၅%) |
| ၃ | ECCD သင်တန်းရိပ်သာ များကိုကြီးကြပ်ကွပ်ကဲရန် ECCD ကျေးရွာစီမံခန့်ခွဲရေးကော်မတီများ၏ စွမ်းရည်မြှင့်တင်ခြင်း | |
| ကလေးငယ်များ၏ဘဝဖွံ့ဖြိုးရေးလုပ်ဆောင်ချက်များနှင့်ဘက်စုံပါဝင်သော ပညာရေးဝန်ဆောင်မှုများကို ရေရှည်တည်တံ့စေရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် အဖွဲ့အစည်းဆိုင်ရာ၊ လုပ်ငန်းပိုင်းဆိုင်ရာနှင့် ငွေရေးကြေးရေးဆိုင်ရာခန့်ခွဲမှုစွမ်းရည်မြှင့်တင်ခြင်း နှင့်အတူ လုပ်ငန်းပိုင်းဆိုင်ရာ ECCD ကျေးရွာ စီမံခန့်ခွဲရေး ကော်မတီများထူထောင်ခြင်း | ▪ ECCD ကျေးရွာစီမံခန့်ခွဲရေးကော်မတီ (VMC)အတွက် ကျေးရွာ (၂)ရွာမှ ရွာသူရွာသားအယောက် (၂၀) (ကျား ၁၀၊ မ ၁၀) ရွေးချယ်ခဲ့၊ ကျန်ရှိနေသည့်ကျေးရွာ (၂)ရွာမှ ကျေးရွာစီမံခန့်ခွဲရေးကော်မတီများ (VMCs) မှ လာမည့်နှစ်တွင် အစည်းအဝေးများစတင် ပြုလုပ်တော့မည်ဖြစ်သည်။<br>▪ ECCD VMC စီမံခန့်ခွဲရေးဆိုင်ရာဖွံ့ဖြိုးရေး သင်တန်းများတွင် ရွာသူရွာသား (၂၆)ယောက် တက်ရောက်နိုင်ခဲ့သည်။<br>▪ ECCD VMC သင်တန်းရိပ်သာ (၂)ခုမှ ကြီးကြပ်သော လစဉ်ပုံမှန်အစည်းအဝေးများ၊ စောင့်ကြည့်လေ့လာရေးနှင့် လစဉ်အစီရင်ခံစာရေးသားခြင်းများကို ဆောင်ရွက်နိုင်ခဲ့သည်။ ရွာ (၄)ရွာနှင့် ပတ်သတ်ပြီး နှစ်စဉ်သုံးသပ်ချက်ရေးသားခြင်းနှင့် စီမံကိန်းရေးသားခြင်းကဏ္ဍတစ်ခုစီမံခဲ့သည်။ | |

## ECCD ၏အောင်မြင်မှုများ

ကြီးကြပ်ဆန်းစစ်ခြင်း **(PME)** - တစ်နှစ်တာအတွင်း အောင်မြင်မှုများကို ပြန်လည်သုံးသပ်ထားသော စီမံချက်စောင့်ကြည့်လေ့လာအကဲဖြတ်ရေးကဏ္ဍတွင် မိဘများ၊ ကျေးရွာစီမံခန့်ခွဲရေးကော်မတီများနှင့် ရွာသူရွာသားများ၏ တန်ဖိုးထားမှုများ၊ သဘောထားများ၊ အတတ်ပညာများ၊ အဓိကပတ်သတ်သူများကို နားလည်သိရှိလာခြင်းနှင့်ပတ်သတ်၍ အပြုသဘောဆောင်သည့် အပြောင်းအလဲများရှိလာကြောင်း တွေ့ရသည်။ မိဘများ၏ ကလေးသူငယ်စောင့်ရှောက်မှု စွမ်းရည်တည်ဆောက်ရေး လုပ်ဆောင်ချက်များစွာကိုလည်း အကောင်အထည်ဖော်ခဲ့သည်။ ECCD ကျောင်းသူကျောင်းသားများမှာ ECCD ပြင်ပမှ ကလေးငယ်များနှင့် နှိုင်းစာသော် ကိုယ်နှုတ်အမူ အရာတွင်ပို၍ လိမ္မာရေးခြားရှိပြီး ဆရာ၊ ဆရာမများဘက်မှလည်း ကလေးသူငယ်များနှင့် သင့်တော်သောသင်ကြားနည်းဖြင့် စိတ်ရှည်သည်းခံ၍ စိတ်ရောကိုယ်ပါနစ်ပြီး သင်ကြားပေးသည်။ အထူးသဖြင့် ကလေးငယ်များမှာ သင်တန်းရိပ်သာ၏ လုပ်ငန်းစဉ်များတွင် ပို၍တက်တက်ကြွကြွပါဝင်လာပြီး လူအများရှေ့တွင်လည်း မိမိကိုယ်မိမိယုံကြည်မှုပိုရှိလာ၊ ပို၍စည်းကမ်းရှိလာ၊ ရိုသေတတ်လာ၊ ပို၍ဗဟုသုတပြည့်စုံလာပြီး ကျန်းမာရေးပိုကောင်းလာသည်ကိုတွေ့ရပါသည်။

## ကျောင်းအပ်ခြင်းနှင့် သင်တန်းပြီးဆုံးခြင်း

၂၀၁၄–၂၀၁၅ ပညာသင်နှစ်အတွင်း ECCD သင်တန်းရိပ်သာ (၃)ခုတွင် ကျောင်းအပ်သူ ကလေးစုစုပေါင်း (၇၈)ယောက် ရှိပါသည်။ သို့ရာတွင် (၇၅)ယောက် (ကျား ၅၇% နှင့် မ ၄၃%) သာကျောင်းခေါ်ချိန်ပြည့်မီသည်။ မိသားစုများ နေရာဒေသရွှေ့ပြောင်းသွားသည့်အတွက် (သို့) ငွေကြေးအခက်အခဲများရှိသည့်အတွက်ကြောင့် ကလေး (၃)ဦးမှာ ပညာဆက်လက်သင်ယူနိုင်ခြင်းမရှိဘဲကျောင်းထွက်ခဲ့သည်။ ထို့ပြင် ပထမနှစ်တွင် မူလကမပါဝင်သော ဒေါင်ပန်ရွာကို ထည့်သွင်းလိုက်သဖြင့် ECCD ကလေးငယ်များ စုစုပေါင်းအရေအတွက်သည် ပထမနှစ်သတ်မှတ်ထားသောကလေး ဦးရေ (၆၀)ထက် ပိုလွန်နေသည်။ ECCD မှသင်တန်းဆင်းကလေးငယ် (၂၇)ယောက် (၃၆%) သည် မူလတန်းကျောင်းများတွင် ကျောင်းအပ်ရန် အသင့်ဖြစ်နေပြီဖြစ်သည်။ ကျန်ရှိနေသော ကလေး (၄၈)ယောက်သည် ECCD သင်တန်းတွင် ဆက်လက်တက်ရောက်နေဆဲဖြစ်ပြီး ကျောင်းသားသစ်များလာရန်လည်း ရှိပါသည်။ ECCD သင်တန်း (၃)ခုမှ ကျောင်းအပ်သူနှင့် သင်တန်းဆင်းကလေးအရေအတွက်ကို

### ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျေးရွာ ၃ရွာရှိ ECCD ဌာနများမှ ကျောင်းအပ်ထားသောကလေးဦးရေ နှင့်အောင်မြင်ခဲ့သောကလေးဦးရေ

| ကျောင်းအပ်ထားသောကလေးဦးရေ | | | လက်ရှိကျောင်းသားဦးရေ | | | အောင်မြင်ခဲ့သော ကလေးဦးရေ |
|---|---|---|---|---|---|---|
| ကျား | မ | စုစုပေါင်း | ကျား | မ | စုစုပေါင်း | |
| ၄၄ | ၃၄ | ၇၈ | ၄၃ | ၃၂ | ၇၅ | ၂၇ |









## စွမ်းရည်မြှင့်တင်ခြင်း

လေ့ကျင့်ရေးသင်တန်း (၅)မျိုးတွင် ပါဝင်ခဲ့သော ဆရာ၊ ဆရာမများ၊ မိဘများနှင့် ရပ်ရွာလူ့အဖွဲ့ဝင်များ/ခေါင်းဆောင်များ အရေအတွက်ကို ဇယားတွင်ဖော်ပြထားသည်။ စီမံကိန်း၏ အောင်မြင်မှုကို ဖော်ဆောင်ရာတွင် ရပ်ရွာလူထုများနှင့် ပါဝင်တက်ရောက်သူများ၏ စွမ်းရည်မြှင့်တင်ရန် မရှိမဖြစ်လိုအပ်သည်။

### ECCD သင်တန်းအနှစ်ချုပ်တင်ပြချက် ကျေးရွာ ၃ ရွာမှပါဝင်တက်ရောက်သူများ

| သင်တန်းအမျိုးအစား | ပါဝင်တက်ရောက်သူများ | | |
|---|---|---|---|
| | ကျား | မ | စုစုပေါင်း |
| ECCD ဆရာဖြစ်သင်တန်း | | ၅ | ၅ |
| ECCD အသိအမြင်ဖွင့်သင်တန်း | ၁၆ | ၇၅ | ၉၁ |
| မိဘများအသိပညာပေးသင်တန်း | ၁၁ | ၁၉ | ၃၀ |
| မိဘများအသိပညာပေးခြင်း ဆင့်ပွားသင်တန်း | ၃ | ၁၇ | ၂၀ |
| ကလေးကစားစရာပြုလုပ်ခြင်း သင်တန်း | ၂ | ၁၂ | ၁၄ |

ECCD ကျေးရွာစီမံခန့်ခွဲရေးကော်မတီ (VMC) သည် စွမ်းရည်မြှင့်တင်ရေးလှုပ်ရှားမှုများတွင် မပါဝင်ခဲ့သော်လည်း တက်ရောက်သူအဖွဲ့ဝင်အများစုနှင့် လစဉ်အစည်းအဝေးများ ဆောင်ရွက်ခဲ့သဖြင့် စောင့်ကြပ်လေ့လာရေး၊ ဆုံးဖြတ်ချက်ချခြင်း၊ စီမံကိန်းရေးဆွဲခြင်းတို့တွင် စွမ်းဆောင်ရည်တိုးတက်လာသည်ကို တွေ့ရသည်။ အစည်းအဝေးများတွင် ကျေးရွာစီမံခန့်ခွဲရေးကော်မတီ (VMC) ထိပ်ဆုံးမှပါဝင်ခြင်းသည် ၄င်းတို့၏ အသိအမြင်ဗဟုသုတရှိခြင်းနှင့် ၄င်းတို့ကိုယ်တိုင် ဦးဆောင်နိုင်စွမ်းတိုးတက်မှု၏ ရောင်ပြန်ဟပ်ခြင်းပင်ဖြစ်သည်။

ECCD စီမံကိန်းများကိုအထောက်အကူပြုသော အခြားသော အကူအညီများမှာ

- ဆရာ/မ (၆)ယောက်အတွက် လစဉ်ပုံမှန်လစာ တစ်ဦးလျှင် မြန်မာကျပ်ငွေ ၅၀,၀၀၀
- ECCD သင်တန်းအတွက်လိုအပ်သည့် ပစ္စည်းပစ္စယများဖြစ်သော မီးဖိုချောင်များ၊ ကလေးကစားကွင်းများ၊ အိမ်သာများဆောက်လုပ်ခြင်းနှင့် ပြန်လည်ပြုပြင်ခြင်း၊ သောက်သုံးရေထောက်ပံ့ခြင်းနှင့် ပရိဘောဂများထောက်ပံ့ခြင်း
- သင်ကြားရေးနှင့်ပညာရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ခြင်း
- ကျေးရွာ(၂)ရွာမှ ကလေးငယ်များအား အာဟာရတိုက်ကျွေးခြင်း

## ထပ်တိုးလုပ်ငန်းစဉ်များ

ကျေးရွာစီမံခန့်ခွဲရေးကော်မတီ (VMC) နှင့် ရပ်ရွာလူထုများမှ ကိုယ်တိုင် ငွေကြေးထောက်ပံ့သောအခြား ECCD ၏ ဆက်စပ်လုပ်ငန်းစဉ်များဖြစ်သည့် လေ့လာရေးခရီးစဉ်၊ ကျေးရွာ (၂)ရွာတွင် ကျင်းပသော ခရစ်စမတ်ပွဲတော်နှင့် ရန်ပုံငွေမြှင့်တင်ရေးပွဲတို့ ပါဝင်သည်။

စီမံချက် စောင့်ကြည့်လေ့လာအကဲဖြတ်ရေး၏ ရလဒ်များတွင် ECCD ၏ ကနဦးအကျိုးရလဒ်အချို့အဖြစ် ကလေးငယ်များ၏ လိမ္မာယဉ်ကျေးမှုတိုးတက်လာပြီး ကျေးရွာစည်းလုံးမှုတိုးတက်လာသည်ကို ဖော်ပြထားသည်။

## သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီသော အသက်မွေးဝမ်းကျောင်းမှုဖွံ့ဖြိုးရေးစီမံချက် (SLDP)

SLDP ၏ ယေဘုယျရည်မှန်းချက်မှာမြစ်ဆုံရေကာတာတည်ဆောက်ခြင်း၏ သက်ရောက်မှုဒဏ်ခံခဲ့ရသော တန်ဖရဲ၊ လဖျဲ့၊ မဇုပ်နှင့် ဒေါင်ပန် ရပ်ရွာ (၄)ခုရှိ လူဦးရေ (၂,၁၃၀)နှင့် အိမ်ထောင်စုပေါင်း (၃၈၄)စု တို့၏ အသက်မွေးဝမ်းကျောင်းမှု ပြန်လည်ထိန်းသိမ်းရန်နှင့် တိုးတက်ကောင်းမွန်လာစေရန်ဖြစ်သည်။ ရွှေ့ပြောင်းသူများ၏ (၇၅)ရာနှုန်းကို ပြန်လည်နေရာချထားသည့် နေရာသစ်ဖြစ်သော အောင်မြင်သာရွာသို့ ရွှေ့ပြောင်းထားသည်။ SLDP ထောက်ပံ့မှုအစီအစဉ်တွင် စားနပ်ရိက္ခာလုံလောက်မှုတိုးတက်လာစေရန်၊ ဝင်ငွေတိုးပွားလာစေရန်၊ ရပ်ရွာလူထုအား ပူးပေါင်းပါဝင်လာစေရန်စသည့် ချဉ်းကပ်နည်းဖြင့် ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်းမှုစီမံကိန်းများ အားကောင်းလာရန် မျှော်လင့်သည်။

အသက်မွေးဝမ်းကျောင်းမှု စီမံကိန်းအသစ်များအတွက် အဓိကထောက်ပံ့ငွေနှင့် လယ်ယာလုပ်ငန်းခွင်ဆိုင်ရာ ပြဿနာများဖြေရှင်းခြင်း၊ ကောက်ပဲသီးနှံများ၊ ကြက်ဘဲမွေးမြူရေးလုပ်ငန်းနှင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း၊ သီးပင်များ၊ လယ်ယာလုပ်ငန်းမဟုတ်သော လုပ်ငန်းငယ်များကို ကူညီခဲ့သည်။ ထိုလုပ်ငန်းများကြောင့် ဝင်ငွေတိုးတက်လာခြင်း၊ စားနပ်ရိက္ခာဖူလုံမှုရှိလာခြင်း၊ အသိအမြင်နှင့် စွမ်းဆောင်ရည်မြင့်မားခြင်းတို့မှတဆင့် ဘဝအရည်အသွေး ပိုမိုကောင်းမွန်လာစေမည်ဖြစ်သည်။

### SLDP ၏ အောင်မြင်မှုများ

ပထမနှစ်အတွင်း တန်ဖရဲနှင့် မဇုပ်ကျေးရွာ (၂)ရွာတွင် SLDP မှ ဆောင်ရွက်ခဲ့သောအဓိကလုပ်ငန်းစဉ် (၂)ခုမှာ

- သတ်မှတ်ထားသော အသက်မွေးကျောင်းလုပ်ငန်းများနှင့် ပတ်သက်သောနည်းပညာ၊ စီမံကိန်းခန့်ခွဲရေး၊ စာရင်းအင်းပညာအခြေခံ၊ မှတ်တမ်းတင်ခြင်း စသည့် စွမ်းရည်မြှင့်တင်ရေးသင်တန်းများ။
- အသက်မွေးဝမ်းကျောင်း စီမံကိန်းများအတွက် မတည်ရန်ပုံငွေ၊ မွေးမြူရေးတိရစ္ဆာများ၊ မျိုးစေ့များ၊ လယ်ယာသုံးကိရိယာများ၊ ငါးဖမ်းပိုက်များ၊ ဈေးဆိုင်ငယ်များအတွက် ကုန်ပစ္စည်းများဝယ်ယူခြင်း။

SLDP မှ ဦးစားပေးအသက်မွေးဝမ်းကျောင်းမှုနှင့် သစ်တောစီမံကိန်းများအတွက် တိုက်ရိုက်ထောက်ပံ့ငွေတွင် ငွေကြေးနှင့် ပစ္စည်းထောက်ပံ့မှုတို့ပါဝင်သည်။ အသက်မွေးဝမ်း ကျောင်းမှုစီမံကိန်းများတွင် ကြက်၊ ဘဲနှင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းနှင့် ဈေးဆိုင်ငယ်များပါဝင်သည်။ လူဦးရေအများဆုံး ကျေးရွာဖြစ်သော တန်ဖဲကို ပထမနှစ်အတွင်း ပိုမိုထောက်ပံ့ရန် ရည်ရွယ်ထားသည်။ မြန်မာငွေ စုစုပေါင်း (၁၇)သန်းနှင့် (၁)သောင်း ကျပ်တိတိကို အိမ်ထောင်စုပေါင်း (၇၈)စုကို အကျိုးပြုမည့် အသက်မွေးဝမ်းကျောင်းမှု စီမံကိန်းအမျိုးအစား (၅)မျိုးတွင် ရင်းနှီးမြှုပ်နှံထားသည်။ ပျမ်းမျှထောက်ပံ့နှုန်း မြန်မာငွေ (၂)သိန်းမှ (၂)သိန်း (၄)သောင်းထိဖြစ်သည်။ လုပ်ငန်း (၅)မျိုးတွင် ဝက်မွေးမြူရေးမှ မြန်မာငွေ (၁၀,၁၃၀,၀၀၀)ကျပ်ဖြင့် ရန်ပုံငွေ၏ ဝေစုအများဆုံးကိုရရှိခဲ့ပြီး အကျိုးခံစားရသူ (၄၇)ဦးရှိရာ ရန်ပုံငွေစုစုပေါင်းနှင့် အသက်မွေးဝမ်းကျောင်းမှု အကျိုးခံစားသူ စုစုပေါင်းအရေအတွက်၏ (၆၀%)တို့ ရရှိခဲ့သည်။ အကျိုးခံစားရသူများသည် မိမိတို့ကိုယ်တိုင် ဒေသအတွင်းမှပင် တိရစ္ဆာန်များကို စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်သည်။ ဝင်ငွေနည်းပါးခြင်းနှင့် မတည်ငွေမရှိခြင်းမှာ လတ်တလောဖြေရှင်းရန် လိုအပ်သည့်ပြဿနာဖြစ်သည့်အတွက် ဤကျေးရွာများအနေနှင့် မတည်ငွေရရှိခဲ့ခြင်းကို အထူးတလည်ကျေးဇူးတင်ဝမ်းမြောက်ခဲ့ကြသည်။
အပိုဝင်ငွေလည်ပတ်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရန်အတွက် ကျေးရွာသူကျေးရွာသားများမှ လယ်ယာသုံးပစ္စည်းများနှင့် သစ်တောမျိုးစေ့များကိုလည်း တောင်းခံခဲ့သည်။ ပျဉ်းကတိုးမျိုးစေ့ ၇၅ ပိသာ (၁၂၀ ကီလိုဂရမ်)၊ ယမနေသစ်မာမျိုးစေ့ ၁၅ ပိသာ (၂၄ ကီလိုဂရမ်)နှင့် လယ်ယာသုံးပစ္စည်းများ (ဝါးတဲများ၊ ပေါက်ပြားများ၊ ဓားများနှင့် ဂေါ်ပြားများ) ကို တန်ဖရဲ (၈၈ အိမ်ထောင်စု) နှင့် မဇုပ် (၄၄ အိမ်ထောင်စု) ကျေးရွာ (၂)ရွာရှိ အိမ်ထောင်စုပေါင်း (၁၂၄)စုအား ဝေပေးနိုင် ခဲ့သည်။ အပင်ရှင်သန်နှုန်းမှာ မျိုးစေ့များ၏ (၉၀)ရာနှုန်း ဖြစ်ပြီး ယခုအမြင့် ပေ (၃)ပေမှ (၄)ပေထိ ရှိနေပြီဖြစ်သည်။ အပင်စိုက်ပျိုးသည့် ပတ်ပတ်လည်နေရာများမှ အမှိုက်သရိုက်နှင့် မြက်ပင်ပေါင်းပင်များ ပုံမှန်ရှင်းလင်းခြင်းအားဖြင့် အပင်၏ ကြီးထွားရှင်သန်နှုန်း ကောင်းမွန်စေပါသည်။ မျိုးစေ့ရန်ပုံငွေအတွက် မြန်မာကျပ်ငွေ (၂၂၄,၀၀၀) ပံ့ပိုးပေးသော မဇုပ်ရှိ အသေးစားငွေချေးလုပ်ငန်းအဖွဲ့ (MCU) အဖွဲ့ဝင် (၄၇)ဦးကို မြန်မာကျပ်ငွေ စုစုပေါင်း (၁,၀၀၀,၀၀၀)ကျပ်ထပ်မံ ထောက်ပံ့ခဲ့သည်။
မဇုပ်နှင့်အလားတူပင် အခြားကျေးရွာ (၃)ရွာရှိ ကျေးရွာစီမံခန့်ခွဲမှုကော်မတီ (VMC) များသည် SLDP မှ ငွေကြေးမတည်မှုဖြင့် အသေးစားငွေချေးလုပ်ငန်းအဖွဲ့ (MCU) ၏ ကိုယ်ပိုင်လိုအပ်ချက်များနှင့် ဝင်ငွေလည်ပတ်မှုအတွက် အားကောင်းစေရန်နှင့် အဖွဲ့လိုက်စုကြေးများလည်ပတ်နိုင်စေရန် စီစဉ်ထားခြင်းဖြစ်သည်။
အကျိုးခံစားရသည့် အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမှုစီမံကိန်းများ၊ ၎င်းတို့ကိုယ်တိုင်စီမံခန့်ခွဲပြီး ထုတ်လုပ်မှုစွမ်းရည်နှင့် ထိုအိမ်ထောင်စုများ၏ ဝင်ငွေတိုးတက်မှုရလဒ်များကို ဇယားတွင်ပြထားသည်။






### ရည်မှန်းချက်အလိုက် SLDP ၏ အောင်မြင်မှုများ အနှစ်ချုပ်

| ရည်မှန်းချက်များ | လုပ်ငန်းစဉ်အနှစ်ချုပ် | အောင်မြင်မှုများ |
|---|---|---|
| ၁<br>ထုတ်လုပ်မှုစွမ်းရည်နှင့် အိမ်ထောင်စုများ၏ ဝင်ငွေမြှင့်တင်ရန် (မြစ်ဆုံဒေသရှိဦးစားပေးရပ်ရွာ (၄)ခု၏ အိမ်ထောင်စုပေါင်း (၇၅%) သို့မဟုတ် စုစုပေါင်း ၂၈၈ စု) အမျိုးအစားတစ်ခုမကပါဝင်သော တနိုင်တပိုင် အသက်မွေးဝမ်းကြောင်းမှု အခွင့်အလမ်းများ | အကျိုးခံစားရသူများ၏ စီမံကိန်းများဖွံ့ဖြိုးမှုဆိုင်ရာသဘောထားအမြင်များ၊ သင့်လျော်သည့်အသုံးချနည်းပညာများနှင့် ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ လက်တွေ့အသုံးချအစီအစဉ် | |
| | - PAR ဖွံ့ဖြိုးရေးသင်တန်းတွင် ကျေးရွာ (၄)ရွာမှ ပါဝင်တက်ရောက်သူဦးရေ (၂၀၆)ယောက် (ကျား ၇၅၊ မ ၁၃၁)<br>- MCU အမြင်ဖွင့်သင်တန်း တက်ရောက်သူဦးရေ ရွာ (၄)ရွာမှ (၁၂၀)ယောက်<br>- တိရစ္ဆာန်မွေးမြူခြင်းနှင့် တိရစ္ဆာန်သားဖောက်ခြင်း အခြေခံသင်တန်းရရှိသော တန်ဖရဲကျေးရွာမှ (၈၂)ယောက် (ကျား ၃၃၊ မ ၄၉) | - သတ်မှတ်ထားသောလူဦးရေ၏ (၁၀၃%) PAR ဖွံ့ဖြိုးရေးသင်တန်း တက်ရောက်နိုင်ခဲ့သည်။<br>- သတ်မှတ်ထားသောလူဦးရေ၏ (၁၂၀%) MCU အမြင်ဖွင့်သင်တန်း တက်ရောက်နိုင်ခဲ့သည်။<br>- သတ်မှတ်ထားသောအစုအဖွဲ့၏ (၅၅%) မှာ တိရစ္ဆာန်မွေးမြူခြင်းနှင့် တိရစ္ဆာန်သားဖောက်ခြင်း အခြေခံသင်တန်း တက်ရောက်နိုင်ခဲ့သည်။ |
| | အကျိုးရှိပြီးအလားအလာကောင်းသော အသက်မွေးဝမ်းကျောင်းမှုစီမံကိန်းများထူထောင်နိုင်ခဲ့သည်။ | |
| | - စီမံကိန်းအတွက်အသက်မွေးဝမ်းကျောင်းထောက်ပံ့မှုရရှိခဲ့သော တန်ဖရဲမှအိမ်ထောင်စု (၇၈)စုမှာ<br>– ဝက်မွေးမြူသည့် အိမ်ထောင်စု (၄၇)စု<br>– ကြက်၊ဘဲမွေးမြူသည့် အိမ်ထောင်စု (၁၀)စု<br>– ဆိတ်မွေးမြူသည့် အိမ်ထောင်စု (၁၀)စု<br>– အသေးစားကုန်စုံဆိုင်ဖွင့်ထားသော အိမ်ထောင်စု (၁၀)စု<br>– ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု (၁)စု<br>- အဖွဲ့ဝင် (၄၇)ဦးဖြင့် MCU အဖွဲ့တည်ထောင်ရန် ကျေးရွာတစ်ရွာ(မဇုပ်)မှ မျိုးစေ့ရန်ပုံငွေလက်ခံရရှိခဲ့သည်။ | - သတ်မှတ်ထားသည့် အကျိုးခံစားရသူများ၏ (၅၂%) မှာ အသက်မွေးဝမ်းကျောင်းထောက်ပံ့မှုရခဲ့သည်။<br>- ကျေးရွာတစ်ရွာမှ MCU မျိုးစေ့အရင်းအနှီးရရှိခဲ့သည်။ |
| ၂<br>ကိုယ့်အားကိုယ်ကိုးနိုင်ရန်နှင့် လုပ်ပိုင်ခွင့်ရရှိရန် စွမ်းရည်တည်ဆောက်ခြင်းမှတစ်ဆင့် SLDP ၏ ကျေးရွာစီမံခန့်ခွဲမှုကော်မတီများ (VMCs) နှင့်ရပ်ရွာလူထုအား အသိပညာနှင့်စီမံခန့်ခွဲမှုဆိုင်ရာ အတတ်ပညာများ တိုးတက်စေရန် | စီမံကိန်းဆိုင်ရာစီမံခန့်ခွဲမှုနှင့် အဖွဲ့အစည်းဆိုင်ရာလုပ်ငန်းစဉ်များတွင် ပိုမိုစွမ်းဆောင်နိုင်ပြီးတက်ကြွသော SLDP ကျေးရွာစီမံခန့်ခွဲမှုကော်မတီများ (VMCs) | |
| | - ကျေးရွာ (၄)ရွာမှ ကျေးရွာစီမံခန့်ခွဲမှုကော်မတီဝင် (၃၆)ယောက် (ကျား ၁၇၊ မ ၁၉) စီမံခန့်ခွဲမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်မှုသင်တန်း တက်ရောက်ခဲ့သည်။<br>- တန်ဖရဲနှင့် မဇုပ်ကျေးရွာမှ ကျေးရွာစီမံခန့်ခွဲမှုကော်မတီဝင် (၂၆)ယောက် (ကျား ၁၃၊ မ ၁၃) ကျေးရွာစီမံခန့်ခွဲမှုသင်တန်းတက်ရောက်ခဲ့သည်။<br>- တန်ဖရဲ၊ မဇုပ်၊ လက်ဖဲ ကျေးရွာ (၃)ရွာမှကျေးရွာစီမံခန့်ခွဲမှုကော်မတီဝင် (၁၈)ယောက် (ကျား ၁၁၊ မ ၇) ငွေကြေးစီမံခန့်ခွဲရေးအခြေခံသင်တန်း တက်ရောက်ခဲ့သည်။ | - ကျေးရွာ (၄)ရွာမှ သတ်မှတ်ထားသည့် ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ဝင် (၂၃၇%) ဦးဆောင်မှု သင်တန်းတက်ရောက်ခဲ့သည်<br>(မူလအညွှန်းပါ ကျေးရွာ ၂ ရွာမှ ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ဝင် ၁၄ ယောက်)<br>- ကျေးရွာ (၂)ရွာမှ သတ်မှတ်ထားသည့် ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ဝင် (၁၈၅%) ကျေးရွာစီမံခန့်ခွဲမှုသင်တန်း တက်ရောက်ခဲ့သည်<br>(မူလအညွှန်းပါကျေးရွာ ၂ ရွာမှ ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ဝင် ၁၄ ယောက်) |
| | ကျေးရွာစီမံခန့်ခွဲမှုကော်မတီများနှင့်ရပ်ရွာလူထုမှ အသက်မွေးဝမ်းကျောင်းမှု ရန်ပုံငွေနှင့်ပတ်သတ်၍ ကျကျနနစီမံခန့်ခွဲခဲ့သည်။ | |
| | - နှစ်ကုန်ပြန်လည်သုံးသပ်ခြင်းအစီရင်ခံစာနှင့် စီမံကိန်းရေးဆွဲခြင်းအလုပ်ရုံဆွေးနွေးပွဲကို ကျေးရွာ (၄)ရွာဖြင့် ဆောင်ရွက်ခဲ့သည်။<br>- အဖွဲ့အစည်းဆိုင်ရာလုပ်ငန်းလည်ပတ်မှုနှင့် ငွေစာရင်းတွက်ချက်မှုစနစ်များနှင့် လုပ်ထုံးလုပ်နည်းများကို ကျေးရွာ (၂)ရွာ အတွက် ထူထောင်ပြီးစီးခဲ့သည်။<br>- ကျေးရွာစီမံခန့်ခွဲမှုကော်မတီ (၂)ခုသည် လစဉ်အစီရင်ခံစာပေါင်း (၂၄)ခုကို တင်ပြနိုင်ခဲ့သည်။ | သတ်မှတ်ထားသောရည်မှန်းချက်များအားလုံး အောင်မြင်ခဲ့သည်။ |
| ၃<br>ပတ်ဝန်းကျင်ပြန်လည်ထိန်းသိမ်းခြင်းနှင့် ရေရှည်တည်တံ့အောင်ဆောင်ရွက်ခြင်းတို့တွင်ကျေးရွာများ၏ အသိအမြင်တိုးတက်လာစေရန် | ECCD သင်တန်းရိပ်သာများကိုစီမံခန့်ခွဲရန် ECCD ကျေးရွာစီမံခန့်ခွဲရေးကော်မတီများ၏ တိုးတက်လာသောစွမ်းရည် | |
| | - ကျေးရွာ (၂)ရွာမှ ပါဝင်သူ (၃၅)ယောက် (ကျား ၁၀၊ မ ၂၅)အား ဇီဝမြေဩဇာ ထုတ်လုပ်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိအမြင်ရှိမှုတို့တွင် ဗဟုသုတများ တိုးပွားလာစေရန် လေ့ကျင့်သင်ကြားပေးခဲ့သည်။<br>- ကျေးရွာ (၂)ရွာရှိ အိမ်ထောင်စု (၁၂၄)စုမှ သစ်တောမျိုးစေ့များနှင့် လယ်ယာသုံးကိရိယာများလက်ခံရရှိခဲ့သည်။ | သတ်မှတ်ထားသောရည်မှန်းချက်များ အောင်မြင်ခဲ့သည်။ |

## စီမံကိန်းအမျိုးအစားလိုက် SLDP၏ အကျိုးခံစားရသူများ

| စီမံကိန်းအမျိုးအစား | | လက်ခံရရှိသောပမာ | အကျိုးခံစားရသူများ | | | ကျေးရွာ |
|---|---|---|---|---|---|---|
| | | | အထီး | အမ | စုစုပေါင်း | |
| တိရစ္ဆာန်မွေးမြူခြင်း | ဝက် | ၁၀,၁၃၀,၀၀၀ | ၃၃ | ၁၄ | ၄၇ | တန်ဖရဲ |
| | ဆိတ် | ၂,၃၆၀,၀၀၀ | ၈ | ၂ | ၁၀ | |
| | ကြက် | ၂,၀၀၀,၀၀၀ | ၇ | ၃ | ၁၀ | |
| အသေးစားစီးပွားရေးလုပ်ငန်းများ/ဈေးဆိုင်များ | | ၂,၂၈၀,၀၀၀ | ၇ | ၃ | ၁၀ | |
| ငါးဖမ်းလုပ်ငန်း | | ၂၄၀,၀၀၀ | ၁ | | ၁ | |
| မျိုးစေ့များ၊ ပျိုးပင်များနှင့် စိုက်ပျိုး မွေးမြူရေး လုပ်ငန်းသုံး ကိရိယာများ | | ၂,၆၉၇,၇၄၀ | ၈၆ | ၃၀ | ၁၁၆ | တန်ဖရဲ၊ မဇုပ် |
| MCU မျိုးစေ့ရန်ပုံငွေ | | ၁,၀၀၀,၀၀၀ | ၁၇ | ၃၀ | ၄၇ | မဇုပ် |
| စုစုပေါင်း | | ၂၀,၇၀၇,၇၄၀ | ၁၅၉ | ၈၂ | ၂၄၁ | ၂ |




## သင်တန်းများ/အလုပ်ရုံဆွေးနွေးပွဲများ

စွမ်းရည်မြှင့်တင်ခြင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် ဒေသခံလူထု၏ အသိပညာနှင့် အခြေခံအတတ်ပညာများ သင်ကြားပေးခြင်းသည် SLDP စီမံကိန်း၏ အောင်မြင်မှုအတွက် မရှိမဖြစ်လိုအပ်သည်။ သင်တန်း (၁၀)ခုကို ဖွင့်လှစ်ပို့ချနိုင်ခဲ့ရာ ပါဝင်တက်ရောက်သူများ၏ သုံးပုံနှစ်ပုံမှာ အမျိုးသမီးများဖြစ်သည်။ သင်တန်းမှပို့ချသည့် အကြောင်းအရာများတွင် ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုအမြင်ဖွင့်ခြင်း၊ တိရစ္ဆာမွေးမြူရေးနှင့် သားဖောက်လုပ်ငန်း၊ ကျေးရွာစီမံခန့်ခွဲမှု ကော်မတီဆိုင်ရာစီမံခန့်ခွဲမှု၊ အသေးစားချေးငွေလုပ်ငန်း၊ စာရင်းကိုင်ပညာ၊ ပတ်ဝန်းကျင်ဆိုင်ရာအမြင်ဖွင့်ခြင်းနှင့် ဇီဝမြေဩဇာပြုလုပ်ခြင်းတို့ ပါဝင်သည်။ အောက်ပါသင်တန်းများသည် ပါဝင်တက်ရောက်သူများအား တက်ကြွအောင်နှိုးဆော်ပေးခဲ့သည်။ ဥပမာအနေနှင့် ကျေးရွာ (၄)ရွာစီသည် အဖွဲ့ဝင်စုစုပေါင်း (၂၁၅)ယောက်နှင့် အသေးစားချေးငွေလုပ်ငန်းအဖွဲ့ (MCU) များ ဖွဲ့နိုင်ခဲ့ပြီဖြစ်သည်။

## ဆောင်ရွက်ခဲ့သော SLDP သင်တန်းအနှစ်ချုပ်

| သင်တန်းအမျိုးအစား | ကျေးရွာများ | ပါဝင်တက်ရောက်သူများ | | |
|---|---|---|---|---|
| | | ကျား | မ | စုစုပေါင်း |
| ရပ်ရွာလူထုဖွံ့ဖြိုးရေးအမြင်ဖွင့်ခြင်း- PAR | ၄ | ၇၅ | ၁၃၁ | ၂၀၆ |
| ခေါင်းဆောင်မှုပိုင်းနှင့်စီမံခန့်ခွဲရေး | ၄ | ၁၇ | ၁၉ | ၃၆ |
| ကျေးရွာစီမံခန့်ခွဲမှုကော်မတီ လေ့ကျင့်ရေးသင်တန်း | | ၁၆ | ၂၁ | ၃၇ |
| တိရစ္ဆာန်မွေးမြူရေးနှင့်သားဖောက်လုပ်ငန်း | ၁ | ၃၃ | ၄၉ | ၈၂ |
| MCU အမြင်ဖွင့်ခြင်း | ၄ | ၃၁ | ၈၉ | ၁၂၀ |
| ငွေရေးကြေးရေးစီမံခန့်ခွဲမှုနှင့်စာရင်းကိုင်အခြေခံ သင်တန်း | ၃ | ၁၁ | ၇ | ၁၈ |
| ပတ်ဝန်းကျင်ဆိုင်ရာအမြင်ဖွင့်ခြင်းနှင့် ဇီဝမြေဩဇာပြုလုပ်ခြင်း | ၂ | ၁၂ | ၂၅ | ၃၇ |

ဇယားတွင် သင်တန်းချိန်တစ်ခုထက်မက တက်ရောက်နေသော သင်တန်းသားများစုစုပေါင်းအရေအတွက်ကို သင်တန်းတစ်ခုချင်းအလိုက် ဖော်ပြပြီးဖြစ်၍ သင်တန်းသားအားလုံးစုစုပေါင်းကို ဖော်ပြမထားပါ။





## SLDP ထောက်ပံ့မှုအခြေအနေ

လက်ခံရရှိသောရန်ပုံငွေ၊ ကုန်ကျစရိတ်နှင့် ရောင်းကုန်များ – စီမံကိန်းကာလအတွင်း မြန်မာကျပ်ငွေ (၁၇,၀၁၀,၀၀၀) ၏ (၉၃%) ကို ၂၀၁၄ ဇွန်လနှင့် မေလတွင်ထုတ်ပေးသော ရန်ပုံငွေကို အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းစီမံကိန်း (၅)မျိုးတွင် အသုံးပြုထားကြောင်း တင်ပြခဲ့သည်။ အကျိုးခံစားရသူ (၃၇)ယောက်သို့မဟုတ် အကျိုးခံစားရသူစုစုပေါင်း၏ (၄၇%)သာ ၎င်းတို့ ၏ ထုတ်ကုန်များကို ရောင်းချနိုင်ခဲ့သောကြောင့် မြန်မာကျပ်ငွေ (၁၀,၃၈၃,၀၀၀)သာရရှိခဲ့သည်။ စီမံကိန်း (၅)မျိုးတွင် ဝက်မွေးမြူရေးနှင့်ဈေးဆိုင်ငယ်များမှ မြန်မာကျပ်ငွေ (၅,၉၈၂,၀၀၀)နှင့် (၂,၇၈၀,၀၀၀) အသီးသီးရောင်းချနိုင်ခဲ့ပြီး အကျိုးခံစားရမှု အမြင့်ဆုံးအဖြစ်လည်ပတ်နိုင်ခဲ့သည်။ စီမံကိန်းအကျိုးခံစားရသူများသည် လက်ခံရရှိသည့်ပမာဏ၏ (၅၀%)ပြန်ဆပ်ရန် ရန်ပုံငွေထုတ်ပေးသည့် အချိန်မှစ၍ တစ်နှစ်အချိန်ပေးထားရာ ယခုအခါ ချေးငွေများကို ပုံမှန်ပြန်ဆပ်နေပြီဖြစ်သည်။ ဆပ်ငွေအခြေအနေကို ဒုတိယနှစ်အစီရင်ခံစာတွင် ထည့်သွင်းတင်ပြနိုင်သည်။ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်း စီမံကိန်းအမျိုးအစားတစ်ခုစီနှင့် ပတ်သတ်ပြီးနောက်ထပ်ပိုမိုပြည့်စုံသည့် အချက်အလက်များအတွက် အောက်ပါဇယားတွင်ညွှန်ပြထားသည်။



## တန်ဖရဲကျေးရွာ SLDP ၏စီမံကိန်းအနှစ်ချုပ်

| စီမံကိန်းအမျိုးအစား | | အကျိုးခံစား ရသူများ | လက်ခံရရှိ သောရန်ပုံငွေ မြန်မာကျပ်ငွေ | ကုန်ကျစရိတ် မြန်မာကျပ်ငွေ | လက်ကျန် စာရင်း | ရောင်းကုန် အရေအတွက် |
|---|---|---|---|---|---|---|
| မွေးမြူရေး လုပ်ငန်း | ဝက် | ၄၇ | ၁၀,၁၃၀,၀၀၀ | ၉,၇၀၆,၁၀၀ | ၄၂၃,၉၀၀ | ၅,၉၈၂,၀၀၀ |
| | ဆိတ် | ၁၀ | ၂,၃၆၀,၀၀၀ | ၂,၃၆၀,၀၀၀ | ၀ | ၁၆၅,၀၀၀ |
| | ကြက် | ၁၀ | ၂,၀၀၀,၀၀၀ | ၂,၀၀၀,၀၀၀ | ၀ | ၉၅၆,၀၀၀ |
| ဈေးဆိုင်များ | | ၁၀ | ၂,၂၈၀,၀၀၀ | ၂,၂၈၀,၀၀၀ | ၀ | ၂,၇၈၀,၀၀၀ |
| ငါးမွေးမြူရေးလုပ်ငန်း | | ၁ | ၂၄၀,၀၀၀ | ၂၄၀,၀၀၀ | | ၅၀၀,၀၀၀ |
| စုစုပေါင်း | | ၇၈ | ၁၇,၀၁၀,၀၀၀ | ၁၆,၅၈၆,၁၀၀ | ၄၂၃,၉၀၀ | ၁၀,၃၈၃,၀၀၀ |



## မွေးမြူရေးတိရစ္ဆာန်အခြေအနေ

ကြက်ဘဲနှင့် တိရစ္ဆာန်မွေးမြူရေးအောင်မြင်ရခြင်းမှာ အကျိုးခံစား ရသူအများစုက လက်ရှိနှင့် အနာဂတ်အကျိုးအတွက် ရည်သန်ကာ အတွေ့အကြုံများနှင့် ခြေခြေမြစ်မြစ်ရှိသော လေ့လာမှုများကို ပြုခဲ့သောကြောင့်ဖြစ်သည်။

ရောင်းရသော တိရစ္ဆာန် (၅၆)ကောင်နှင့် သေဆုံးသောတိရစ္ဆာန် (၁၀၇)ကောင်မှလွဲ၍ တန်ဖရဲကျေးရွာ၏ ကြက်ဘဲနှင့်တိရစ္ဆာန် မွေးမြူရေးလုပ်ငန်းမှာ ၂၀၁၄ မေလတွင် (၂၇၉)ကောင်မှ ၂၀၁၅ ဖေဖဝါရီလတွင် (၃၇၄)ကောင်ထိ မြင့်တက်လာသည်။ မွေးမြူသူ တစ်ဦးလျှင် ကြက်သားပေါက်အကောင်ရေ (၅)ကောင်မှ အကောင် (၆၀)ထိ ရရှိခဲ့သည်။ ဆိတ်ကောင်ရေမှာ မွေးမြူသူတစ်ဦးလျှင် (၁) ကောင်မှ (၄)ကောင်ထိ ပေါက်ပွားပြီး၊ ဝက်မွေးမြူသူများအနက် ဝက်သားပေါက်သူ (၅)ဦးသာရှိပြီး သားပေါက်တိုးပွားနှုန်းမှာ (၁)ကောင်မှ (၄)ကောင်ထိ သို့မဟုတ် စုစုပေါင်း (၁၁)ကောင် ရှိသည်။

## မွေးမြူရေးစီမံကိန်းများရှိ SLDP ၏ တိရစ္ဆာန်များအခြေအနေ

| မွေးမြူရေး စီမံကိန်း အမျိုးအစား | အကျိုးခံစား ရသူများ | လက်ခံရရှိ သောရန်ပုံငွေ | ဝယ်ယူခဲ့သော တိရစ္ဆာန်များ | မွေးဖွား နှုန်း | သေဆုံး နှုန်း | ရောင်းရသော တိရစ္ဆာန်များ | ကျန်ရှိနေသော မွေးမြူရေး တိရစ္ဆာန်များ |
|---|---|---|---|---|---|---|---|
| ဆိတ် | ၁၀ | ၂,၃၆၀,၀၀၀ | ၄၄ | ၂၅ | ၈ | ၃ | ၅၈ |
| ကြက် | ၁၀ | ၂,၀၀၀,၀၀၀ | ၁၃၅ | ၂၁၀ | ၈၄ | ၃၆ | ၂၂၅ |
| ဝက် | ၄၇ | ၁၀,၁၃၀,၀၀၀ | ၁၁၈ | ၂၂ | ၁၅ | ၆၀ | ၆၅ |
| စုစုပေါင်း | ၆၇ | ၁၄,၄၉၀,၀၀၀ | ၂၉၇ | ၂၅၇ | ၁၀၇ | ၉၉ | ၃၄၈ |

## တိရစ္ဆာန်များ၏ သေဆုံးမှုနှုန်း

ဝယ်ယူခဲ့သည့် တိရစ္ဆာန်များ၏ သေဆုံးမှုနှုန်းအမြင့်ဆုံးနှင့် ပတ်သတ်၍ ဖော်ပြရလျှင် ဆိတ် (၈)ကောင် (၁၈%)၊ ကြက် (၈၄) ကောင် (၆၂%)နှင့် ဝက် (၁၅)ကောင် (၁၃%) တို့ဖြစ်သည်။ အဓိကသေဆုံးရသည့် အကြောင်းအရင်းများတွင် ဆိတ်များသည် ဝမ်းလျှော၊ ဝက်များသည်ဝမ်းချုပ်၊ ကြက်များသည် ဈေးကွက်ဖြန့် သူတို့ယူဆောင်လာသည့် ရောဂါများကြောင့် သေဆုံးရပြီး၊ ကြက် ပေါက်လေးများမှာမူ ပိုးမွှားများအကိုက်ခံရသဖြင့် သေဆုံးရခြင်း ဖြစ်သည်။ အဓိကသေဆုံးရသည့် အကြောင်းအရင်းမှာ သင့်တော် သည့် အာဟာရမျှတရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့နှင့် ဆက်နွှယ်သည်။ ဧရာဝတီ၏ဝန်ထမ်းများအား အနာဂတ်တွင် အလားတူပြဿနာများ ဖြစ်ပွားစေမှုကို တားဆီးကာကွယ်ရန် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဆရာဝန်တစ်ယောက်၏ အကူ အညီဖြင့် ပြဿနာအရင်းအမြစ်ကို ရှာဖွေဆန်းစစ်၍ ဖြေရှင်းသွား ရန်အကြံပြုပါသည်။

## တိရစ္ဆာန်များကိုရောင်းချခြင်း

အများအားဖြင့် ကြက်ဘဲများနှင့် မွေးမြူရေးတိရစ္ဆာန်များမှာ ရွာမှ သို့မဟုတ် ရွာနီးချုပ်စပ်များမှ ကုန်သည်များက ဝယ်ယူခဲ့ ခြင်းဖြစ်သည်။ ရောင်းဈေးမှာ အလေးချိန်နှင့် လက်ရှိဈေးကွက် ပေါက်ဈေးဖြင့် သတ်မှတ်သော်လည်း အကျိုးခံစားရသူများ အနေနှင့် မိမိတို့တိရစ္ဆာန်များ၏ အရွယ်အစားနှင့် ဈေးကွက်ပေါက် ဈေးနှစ်ခုလုံးကို သတိမထားမိသောကြောင့် ဝယ်ယူသူများသာ အကျိုးအမြတ်များရရှိခဲ့သည်။ တိရစ္ဆာန်များကို ဈေးကွက်သို့ တင်ပို့ရာတွင် တန်ဖိုးများများရနိုင်သော်လည်း သယ်ယူစရိတ် မတတ်နိုင်ခြင်းနှင့် ရောင်းချမည့်တိရစ္ဆာန် အရေအတွက်နည်းခြင်း တို့မှာ အကျိုးခံစားရသူများကို အခက်အခဲဖြစ်စေသည်။





## ၂။ မြစ်ဝကျွန်းပေါ်ဒေသရှိရပ်ရွာလူထု၏ ကြံ့ကြံ့ခံရင်ဆိုင်တုန့်ပြန်နိုင်စွမ်း

ရန်ကုန်တိုင်းတွင် အခြေပြုလုပ်ကိုင်သော မြစ်ဝကျွန်းပေါ်ဒေသရှိ ရပ်ရွာလူထု၏ ကြံ့ကြံ့ခံရင်ဆိုင်တုန့်ပြန်နိုင်စွမ်း စီမံကိန်းကဏ္ဍတွင် သဘာဝဘေးဆိုးများ လျော့ပါးစေရန်နှင့် ရာသီဥတု ပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုကိုဖော်ပြထားသည်။ လုပ်ငန်း စဉ်များတွင် MCU စီမံကိန်းများတည်ထောင်ခြင်း၊ ပြောင်းလဲ ဖောက်ပြန်လာသည့် ရာသီဥတုအခြေအနေများဆိုင်ရာ အသိအမြင် မြှင့်တင်ခြင်း၊ သဘာဝဘေးအန္တရာယ်လျော့ချနိုင်ရေး လက်တွေ့ ကျသောအစီအစဉ်ရေးဆွဲခြင်းနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲ မှုနှင့် လိုက်လျောညီထွေဖြစ်ရန် ကျေးရွာရှိအိမ်များကို အသေးစား ပြုပြင်ခြင်းတို့ပါဝင်သည်။

အိုင်ကလောင်းကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားများ (လူဦးရေ ၉၁၁ ယောက်၊ အိမ်ထောင်စုပေါင်း ၂၁၈ စု) ကို MCU စတင် တည်ထောင်ရန် လှုံ့ဆော်နိုင်ခဲ့ရာ အဖွဲ့ဝင် (၃၀)မှ (၄၈)ယောက် ထိတိုးလာခဲ့သည်။ ၎င်းတို့၏ကိုယ်ပိုင်ရံပုံငွေဖြစ်သော မြန်မာ ကျပ်ငွေ (၁,၁၄၀,၀၀၀)ကို ဖြန့်ဝေသုံးစွဲ၍ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ အဖွဲ့ဝင် (၉)ဦး ပါဝင်သော ဦးဆောင် ကော်မတီမှ အသေးစားလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အတွက် အသေးစားချေးငွေများ စတင်ထုတ်ပေးမည့် စီမံကိန်းကို လမ်းညွှန်ဆောင်ရွက်လျက်ရှိသည်။ ၎င်းတို့၏ ကနဦးရန်ပုံငွေ များမှာ ရရှိမည့်အတိုးအပါအဝင် မြန်မာငွေ (၁,၂၀၀,၀၀၀)ကျော် ခန့်ရှိရာ တောင်းခံသည့်ချေးငွေပမာဏကို ဖြည့်ဆည်းပေးရန် ရန်ပုံငွေအလုံလောက်ရှိသည်။ တစ်ကြိမ်ချေးငွေ၏ ပျှမ်းမျှပမာဏမှာ မြန်မာငွေ (၅၀,၀၀၀)ကျပ် ဖြစ်ပြီး (၅)လ အတွင်း ပြန်ဆပ်ရမည် ဖြစ်သည်။ အဖွဲ့ဝင်များအနေနှင့် မြန်မာကျပ်ငွေ (၁၀၀)ကို အတိုးနှုန်း (၂%)ဖြင့် ပြန်ဆပ်ရမည်ဖြစ်သည်။ အခြားနေရာမှ ငွေချေးမည် ဆိုလျှင် အတိုးနှုန်းမှာ (၈%) မှ (၁၀%)ထိ ရှိသောကြောင့် ဒေသခံများအတွက် အတော်သက်သာသော ချေးငွေနှုန်းပင်ဖြစ် သည်။ အစီရင်ခံကာလတွင်း ချေးငွေစု (၃၇)စုကို အကျိုးခံစားရသူ (၃၇)ယောက် ဖြစ်သည့် ရာသီလိုက်ထွက်ကုန်များ ရောင်းချသူ (၁၆)ယောက်၊ ရာသီလိုက် အသီးအနှံများစိုက်ပျိုးရန် (၇)ယောက်၊

### မြစ်ဝကျွန်းပေါ်ဒေသရှိ ရပ်ရွာလူထု၏ ကြံ့ကြံ့ခံရင်ဆိုင်တုန့်ပြန်နိုင်စွမ်း စီမံကိန်းအောင်မြင်မှုများအနှစ်ချုပ် အိုင်ကလောင်းကျေးရွာ

| လုပ်ငန်းစဉ် | အကျိုးခံစားရသူများ/ပူးပေါင်းပါဝင်သူများ |
|---|---|
| MCU အဖွဲ့ တည်ထောင်ခဲ့သည် | အိမ်ထောင်စု (၄၈)စု |
| ချေးငွေများ သတ်မှတ်ပေးခဲ့သည် | အကျိုးခံစားရသူ (၃၇)ယောက် |



မွေးမြူရေးတိရစ္ဆာန်များ အထူးသဖြင့် ဝက်မွေးမြူရန် (၉)ယောက် နှင့် အရေးပေါ်လိုအပ်ချက်များအတွက် (၅)ယောက်အား အသုံးပြုရန် ထုတ်ပေးခဲ့သည်။ အောက်ပါဇယားတွင် မြစ်ဝကျွန်းပေါ်ရှိ MCU ၏ အောင်မြင်မှုများကို အနှစ်ချုပ်တင်ပြထားသည်။

## ၃။ မြစ်ကမ်းပါးမှဇာတ်ကြောင်းများ

မြစ်ဆုံဒေသ၊ မြစ်ဝကျွန်းပေါ်ဒေသနှင့် အခြားဒေသ (၂)ခုရှိ ရပ်ရွာလူ့အဖွဲ့အစည်းများသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများ၊ ခေတ်ပြောင်းခြင်းနှင့် ရေကာတာတည်ဆောက်ခြင်းတို့က ၄င်းတို့၏ လူနေမှုဘဝပေါ်သက်ရောက်မှုများကို တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန် လေ့လာဖလှယ်နိုင်မည်ဖြစ်သည်။ ဤကနဦးလုပ်ဆောင်ချက်တွင် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းအဖြစ် လူမျိုးနှင့် ဘာသာရေး အရ မတူကွဲပြားသော အုပ်စုများသည် ၄င်းတို့ရင်ဆိုင်နေရသော လူမှုရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ စီးပွားရေးဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများဖြစ်သည့် ပုံသေသတ်မှတ်ချက်များကို ရင်ဆိုင်ကျော်လွှားရင်း ၄င်းတို့၏ မတူကွဲပြားခြားနားခြင်းကို အသိအမှတ်ပြုလာနိုင်ကြမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပဲ ရပ်ရွာလူထုများအနေနှင့် ၄င်းတို့ပေါ် သက်ရောက်မှုများ လျှော့ပါးစေရန် ဂေဟကျေးရွာဖြေရှင်းချက်များနှင့် ပတ်သတ်ပြီး မဟာဗျူဟာကျကျ နည်းလမ်းများကိုရေးဆွဲနိုင်မည်ဖြစ်သည်။ ဤစီမံချက်ကဏ္ဍတွင် စီမံချက်အကောင်အထည်ဖော်ရန် လျာထားသည့် အဓိကကျသော ဒေသများဖြစ်သည့် ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများအတွင်းရှိ အပူပိုင်းဇုံ ဒေသများပါဝင်သည်။ ဤကဏ္ဍကို ဒုတိယနှစ်နှင့် တတိယနှစ်တွင် စတင်မည်ဖြစ်သည်။ ဤစီမံချက်ကဏ္ဍကို ဒုတိယနှစ်နှင့် တတိယနှစ်တွင် ပိုမိုပြည့်ဝစွာ စတင်ဆောင်ရွက်မည်ဖြစ်သော်လည်း ပြင်ဆင်မှုအချို့ကို ပထမနှစ်တွင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ အစိုးရထုတ်သတင်းစာများ၊ အခြားသတင်းစာများနှင့် ဂျာနယ်များတွင် ပုံပြင်များ၊ စာစီစာကုံးများနှင့် ကဗျာများ ရေးသားမှုများ တောင်းဆိုသည့် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ ဤကြေညာချက်ကို ဧရာဝတီလူမှုကွန်ယက်မှတဆင့်လည်း ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေနိုင်ခဲ့သည်။ လက်ခံရရှိခဲ့သော ပုံပြင်များ၊ စာစီစာကုံးများနှင့် ကဗျာများကို သုံးသပ်ပြီး အနာဂတ်တွင် ထုတ်ဝေနိုင်ရန် ရွေးချယ်စိစစ်ရေးကော်မတီနှင့် ခွဲဝေဆောင်ရွက်လျှက်ရှိသည်။

၂၀၁၄၊ နိုဝင်ဘာလတွင်ပြုလုပ်သော ဧရာဝတီမြစ်ကမ်းပါးများမှ ဇာတ်ကြောင်းများအမည်ရ (၃)ရက်ကြာ အလုပ်ရုံဆွေးနွေးပွဲ တစ်ခုတွင် လူအယောက် ၂၀တက်ရောက်ခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲတွင် ရပ်ရွာလူထုမှ အောက်ဖော်ပြပါစီမံကိန်းများရေးဆွဲရာတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ခဲ့သည်။

- ရာသီဥတုပြောင်းလဲမှု၊ အသက်မွေးဝမ်းကျောင်းမှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနှင့် အစိုးရအထူးစီးပွားရေးလုပ်ငန်းများတို့ ပါဝင်သော အဓိကထားဆွေးနွေးရမည့် အကြောင်းအရာများကို သတ်မှတ်ခဲ့သည်။ ထိုအကြောင်းအရာ တစ်ခုစီတွင်လည်း အကြောင်းအရာခွဲများပါဝင်သည်။
- မြစ်ဆုံဒေသရှိ ရပ်ရွာလူ့အဖွဲ့အစည်းများကြား ရပ်ရွာလူထု၏ ကြံ့ကြံ့ခံ ရင်ဆိုင်တွန်းလှန်နိုင်စွမ်းမြှင့်တင်ရန် နောက်ထပ်ခြေလှမ်းများအတွက် မူကြမ်းရေးဆွဲခဲ့သည်။ အထူးသဖြင့် ပြန်လည်နေရာချထားခံရသူများ၊ ရာသီဥတုပြောင်းလဲမှုကို ထိန်းညှိခြင်းနှင့် သက်သာစေခြင်း၊ မြစ်ဆုံရေကာတာ တည်ဆောက်ခြင်းကိုတားဆီးခြင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ ရပ်ရွာလူထု၏ ကြံ့ကြံ့ခံရင်ဆိုင် တွန်းလှန်နိုင်စွမ်းရရှိစေရေးတို့ပါဝင်သည်။
- သတ်မှတ်ထားသည့် စီမံချက်ဒေသအားလုံးအတွက် နောက်ထပ်ခြေလှမ်းများ စတင်ဆောင်ရွက်ရန်ရေးဆွဲခဲ့သည်။ ကွန်ယက်ချိတ်ဆက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ ပါဝင်သော လုပ်ငန်းအစီအစဉ်ကို ထည့်သွင်းခဲ့သည် ထိုလုပ်ငန်းအစီအစဉ်မှသတင်းအချက်အလက်မျှဝေခြင်း၊ မြစ်ကြောင်းမြေပုံရေးဆွဲခြင်း၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ အားကောင်းလာစေခြင်း၊ မြစ်မဟာစီမံကိန်းကို ရေးဆွဲခြင်း၊ ရပ်ရွာလူထု၏ ကြံ့ကြံ့ခံရင်ဆိုင်တွန်းလှန်နိုင်စွမ်းလုပ်ငန်းစဉ်များ စမ်းသပ်ဆောင်ရွက်ခြင်းအပြင် အထိမ်းအမှတ်ပွဲများ၊ ပျော်ပွဲရှင်ပွဲများနှင့် ယဉ်ကျေးမှုဆိုင်ရာ အခမ်းအနားများ ပေါင်းစည်းဆောင်ရွက်ခြင်းတို့ကို မီးမောင်းထိုးပြခဲ့သည်။ ကျယ်ပြန့်သော အစီအစဉ်







## ၄။ ရပ်ရွာလူထုဦးဆောင်သော ရေဝေရေလဲ မူဝါဒရေးရာ နှိုးဆော်အားပေးမှု

ဒေသ၊ နယ်မြေအလိုက်နှင့် တပြည်လုံးဆိုင်ရာ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများနှင့်သာမက ဧရာဝတီမြစ်ပြုပြင်ပြောင်းလဲရေးစီမံခန့်ခွဲမှုဆိုင်ရာ အခြားပတ်သတ်သူများနှင့်ပါချိတ်ဆက်၍ မြစ်အရေးတက်ကြွလှုပ်ရှားမှုအဖွဲ့အစည်းများကို မြစ်ကမ်းဘေးဒေသ (၄) နေရာတွင် ဖွဲ့စည်းသွားမည်ဖြစ်သည်။ ပြည်သူလူထုထောက်ခံအားပေးရေးကြိုးပမ်းမှုများတွင် အများပြည်သူ စည်းရုံးနှိုးဆော်ရေးအား စတင်ဆောင်ရွက်ခြင်းပါဝင်သည်။ ထိုနှိုးဆော်ရေးဆောင်ရွက်ချက်တွင် မြစ်ကမ်းဘေးရှိ ရပ်ရွာလူထုအဖွဲ့အစည်းများရင်ဆိုင်နေရသော ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၊ ရေကာတာများ၊ ညစ်ညမ်းမှု၊ သစ်တောများပြုန်းတီးမှု၊ လူမှုရေးတရားမျှတမှုစသည့် ဆက်နွှယ်သော အရေးကိစ္စများပါဝင်သည်။ သဘာဝဂေဟစနစ်ကို ပြုပြင်ထိန်းသိမ်းရန်အတွက် အန္တရာယ်ကင်းပြီး သဘာဝနှင့် ကိုက်ညီသောဖြေရှင်းချက်များ ပေါ်ပေါက်လာနိုင်ရေးသည် ပြုပြင်ပြောင်းလဲရေးစီမံခန့်ခွဲမှု၏ အရေးကြီးသည့်အပိုင်းဖြစ်သည်။ ဧရာဝတီမှ ပြည်သူလူထုအသိအမြင် နှိုးဆော်ရေးပွဲအဖြစ် မြစ်ကမ်းဘေးဖျော်ဖြေပွဲဆိုင်ရာ လှုပ်ရှားမှုများပါဝင်သည်။ ဤကဏ္ဍကို ဒုတိယနှင့် တတိယနှစ်များတွင် စတင်ဆောင်ရွက်မည်ဖြစ်သည်။

ဤစီမံချက်အတွက် ပြင်ဆင်မှုအချို့ကို ပထမနှစ်တွင် ဆောင်ရွက်ခဲ့သည်။ ဧရာဝတီဝန်ထမ်းများမှ သင်တန်းများ လွယ်ကူချောမွေ့စွာလည်ပတ်နိုင်စေရန် ၄င်းတို့၏ အခြေခံအသိပညာနှင့် အတတ်ပညာရပ်များကို မြှင့်တင်ခဲ့သည်။ ဝန်ထမ်းတစ်ဦးမှ တက်ကြွလှုပ်ရှားမှုနှင့် စည်းရုံးလှုံ့ဆော်မှုကိုအဓိကထား ဆွေးနွေးသည့် ဂေဟဦးဆောင်မှုသင်တန်း အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို တက်ရောက်ခဲ့သည်။ ပညာရေးနှင့် လေ့ကျင့်ရေးသင်တန်းအားလုံးသည် ရပ်ရွာလူထုပူးပေါင်းပါဝင်နိုင်သောလေ့လာမှု၏ သဘောတရားတွင် အခြေခံသည်။

## ၅။ လူမှုသတင်းဖြန့်ဝေခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း(SIM)

### နောက်ခံအကြောင်းအရင်းများ

SIM ဆိုသည်မှာ လူမှုသတင်းဖြန့်ဝေခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၏ အတိုကောက်ဖြစ်သည်။ မြန်မာပြည်တွင် စစ်ရေးနှင့် နိုင်ငံရေးစေ့စပ်ညှိနှိုင်းမှုအခွင့်အလမ်း နေရာကျယ်လာသည်မှာ ၄နှစ် ကျော်ပြီဖြစ်သော်လည်း ရပ်ရွာလူထုများ၏ အသံများကို ဆုံးဖြတ်ချက်ချသည့်အဆင့်တွင် ထည့်သွင်းစဉ်းစားဆုံးဖြတ်ချက်ချသည်မျိုး နည်းပါးနေသေးသည်။ ရပ်ရွာလူထုအားကိုးရသော တက်ကြွနှိုးဆော်သူများနှင့် စေ့ဆော်ဆောင်ရွက်သူများအားဖြင့် ရပ်ရွာလူထု၏အသံများ ဖော်ထုတ်နိုင်သည်မှာ ရံဖန်ရံခါသာရှိသည်။ ထိုသို့ဖြစ်ရခြင်းမှာ လှုပ်ရှားသူတို့၏ လုပ်ငန်းများနှင့် ရပ်ရွာလူထုများ၏ လှုပ်ရှားရန်းကန်ရမှု၊ မကြာခဏကျရှုံးမှုများအတွက် ဆုံးဖြတ်ချက်ချရာတွင် သက်ရောက်မှုရှိစေမည့် နည်းလမ်းများအရ ၄င်းတို့၏အကျိုးကို ရှင်းလင်းစွာထုတ်ဖော်ပြောဆိုနိုင်ရန် လုံလုံလောက်လောက် မကူညီနိုင်သောကြောင့်ဖြစ်သည်။

SIM ၏ရေ့ပြေးလုပ်ငန်းများကို စစ်ပွဲများဖြစ်ပွားနေသော အခြေအနေ သို့မဟုတ် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးနှင့် နိုင်ငံရေးစေ့စပ်ညှိနှိုင်းရေးဆောင်ရွက်နေသော အခြေအနေအစရှိသော အနာဂတ်ဖြစ်နိုင်ချေများအတွက် အစပြုဆောင်ရွက်နေခြင်းဖြစ်သည်။

### မြန်မာနိုင်ငံအရှေ့မြောက်ပိုင်းတွင် သုတေသန၊ မှတ်တမ်းနှင့် မှတ်တမ်းထိန်းသိမ်းခြင်းစီမံကိန်းကိုထူထောင်ခြင်း

မြစ်ဆုံရေကာတာဒေသတွင် လူမှုစီးပွားတိုးတက်ရေး အခြေအနေများနှင့် ပတ်သတ်ပြီး SIM စီမံချက်ကဏ္ဍဖြစ်သည့်ရပ်ရွာလူထုအရေးကိစ္စများနှင့် ရပ်ရွာလူထုအသံကို အဓိကထားသော သုတေသန၊ မှတ်တမ်းတင်ခြင်းနှင့် ထုတ်ဝေခြင်းစီမံကိန်းကို ဦးစီးဆောင်ရွက်လျက်ရှိသည်။ ဒေသခံလူ့အဖွဲ့အစည်းများ၏ မူဝါဒများလွှမ်းမိုးစေရန်နှင့် စေ့စပ်ညှိနှိုင်းရေးစားပွဲတွင် ရပ်ရွာလူထုတို့၏ အသံများကြားသိစေရန်၊ ၄င်းတို့၏ အသံများကို တစ်ညီတစ်ညွတ်တည်းမြှင့်တင်ရန် SIM မှဆောင်ရွက်ပေးသည်။ အချို့လှုပ်ရှားမှုများကို SIM ပင်မအုပ်စုနှင့် အသင်းအဖွဲ့မှ တိုက်ရိုက်စတင်ဆောင်ရွက်မည်။ သီးခြားလွတ်လပ်သော လူမှုသုတေသနပညာရှင်များနှင့် ရပ်ရွာလူ့အဖွဲ့အစည်းများအား ရပ်ရွာလူထုလုပ်ပိုင်ခွင့်ရနယ်ပယ်များ၌ လုပ်ငန်းလုပ်ဆောင်ရာတွင် လိုအပ်သောအကူအညီကို SIM မှထောက်ပံ့သွားမည်ဖြစ်သည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းဒေသများရှိ ဒေသခံလူ့အဖွဲ့အစည်းများကို အကျိုး သက်ရောက်စေမည့် ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းစဉ်များတွင် ပတ်သတ်သူများ၏ ပါဝင်မှုကိုထည့်သွင်းထားသည်။

SIM အနေနဲ့ မြန်မာနိုင်ငံအရှေ့မြောက်ပိုင်းတွင် မျှတပြီးအကျိုးရှိသော လူမှုစီးပွားတိုးတက်မှုအတွက် ယုံကြည်စိတ်ချရဆုံးအင်အားစုဖြစ်လာရန်ဦးတည်သည်။ SIM မှ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းဒေသများရှိ ပြည်သူများ၏ အသံအားကောင်းစေရန် ဆောင်ရွက်သွားမည်။ SIM စီမံချက်ကို အခြား ဒေများသို့လည်း တိုးချဲ့သွားမည်။ ၄င်းတို့၏ ကြိုးစားမှုများမှာ အခြေခံထောက်ပံ့ကြေးများ၊ ညွှန်ကြားဦးဆောင်မှု အခွင့်အလမ်းများ၊ ကွန်ယက်ချိတ်ဆက်ခြင်းနှင့် ပြုပြင်ပြောင်းလဲရေး နှိုးဆော်အားပေးမှုမဲဆွယ်ပွဲများမှ အချက်အလက်များ စုဆောင်းရန်အတွက် သုတေသန ကုန်ကျစရိတ်များကိုကူညီရန် လူအား ငွေအားဖြင့်ထောက်ပံ့ခြင်းဖြစ်သည်။ သတ်မှတ်ထားသော လှုပ်ရှားမှုများတွင်–

- မြစ်ဆုံရေကာတာဒေသတွင်တိကျမှန်ကန်ပြီး အများလက်ခံသော လူမှုသက်ရောက်မှုဆန်းစစ်ချက် (SIA) တစ်ခုဆောင်ရွက်ခြင်း
- CPI ၏ချဉ်းကပ်မှုနှင့် ၄င်းနှင့်ဒေသခံများ၏ ဆက်ဆံရေးကို စောင့်ကြည့်လေ့လာရေး
- မြစ်ဆုံရှိဦးတည်ကျေးရွာ (၄)ရွာမှ ရွှေ့ပြောင်းအခြေချသူ (IDPs) များအတွက် သီးခြားလေ့လာဆန်းစစ်မှုတစ်ခုဆောင်ရွက်ခြင်း။
- လယ်သမားကွန်ယက်အဖွဲ့အစည်းများကို ကူညီခြင်းနှင့် မြေယာဥပဒေရပိုင်ခွင့်များနှင့် ပတ်သတ်၍ သတင်းအချက်အလက်ထောက်ပံ့ခြင်း
- အလားတူစိန်ခေါ်မှုများ ရင်ဆိုင်နေရသော တပြည်လုံးဆိုင်ရာအဖွဲ့အစည်းများနှင့် ကွန်ယက်ဖြန့်ကျက်ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

## လုပ်ရှားမှုများနှင့်အကျိုးရလဒ်များ

ယေဘုယျအားဖြင့် SIM ၏ ကွင်းဆင်းလေ့လာသူ ဝန်ထမ်းများမှ ရပ်ရွာလူ့အဖွဲ့အစည်းများနှင့် ဧရာဝတီမြစ်ဝှမ်း၏ နေရာအမျိုးမျိုးမှ အဖွဲ့အစည်းများသည် အချင်းချင်းဆက်ဆံရေး ခိုင်မာလာပြီး အတူတကွ ကွန်ယက်ချိတ်ဆက် ဆောင်ရွက်နေကြပြီဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ သင်တန်းတက်သူများသည် ဧရာဝတီမြစ်နှင့် ဆက်နွယ်သောကိစ္စများတွင် စိတ်ရောကိုယ်ပါနှစ်မြှုပ်ပြီး ပူးပေါင်းဆောင်ရွက်လိုသူများဖြစ်ကြသည်။ မြစ်ဆုံလုပ်ရှားမှုမှ ရရှိလာသောရလဒ်အချို့မှာ

- ဒေသခံလူထု ပိုမိုစည်းလုံးလာခြင်း
- သဘာဝပတ်ဝန်းကျင်၏တန်ဖိုးကို ပိုမိုနားလည်သိရှိလာခြင်း
- ဒေသခံများဖွဲ့စည်းထားသော ကွန်ယက်အဖွဲ့အစည်းတစ်ခုမှ သက်ရောက်မှုပိုရှိစေခြင်း အထူးသဖြင့်ရေကာတာနှင့် ဆက်နွယ်သည့် ပြဿနာများဖြေရှင်းရာတွင် အကူအညီပေးခြင်း
- ဒေသခံဆိုင်ရာအစည်းအဝေးများတွင် ပိုစတာများချိတ်ဆွဲခြင်း၊ မှတ်တမ်းများရေးသားခြင်းနှင့် ပုံပြင်များပြောခြင်းဖြင့် သတင်းအချက်အလက်များကို ဖြန့်ဝေခြင်းတို့ဖြစ်သည်။

သီးခြားလုပ်ရှားမှုများတွင်

### အရပ်ဖက်လူမှု့အဖွဲ့အစည်းဆိုင်ရာဆွေးနွေးပွဲများ

ဒေသခံအရပ်ဖက်လူမှု့အဖွဲ့အစည်း (CSO) အုပ်စုများနှင့် ဆွေးနွေးပွဲ(၈)ခုကိုကချင်ပြည်နယ်တွင်(၇)ခုနှင့်ရှမ်းပြည်မြောက်ပိုင်းပြည်နယ်တွင် (၁)ခု ကျင်းပခဲ့ပြီး ဆွေးနွေးပွဲတစ်ခုလျှင် ပျမ်းမျှလူဦးရေ အယောက် (၂၀)ခန့် တက်ရောက်ခဲ့သည်။

### ယဉ်ကျေးမှုနှင့် စာပေအစည်းအရုံးများဆိုင်ရာ ဆွေးနွေးပွဲများ

လီဆူး၊ ဂျိန်းဖော၊ ရဝမ်နှင့်ရှမ်းတိုင်းရင်းသားအုပ်စုများမှ စုံလင်သောယဉ်ကျေးမှုနှင့် စာပေအစည်းအရုံးများပါဝင်သော ဆွေးနွေးပွဲ အနည်းဆုံး (၅)ခု ကျင်းပနိုင်ခဲ့သည်။ ဒေသတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုအပါအဝင် မြေယာနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စများဖြေရှင်းရန် များပြားစုံလင်သောယဉ်ကျေးမှုနှင့် စာပေအစည်းအရုံးဆိုင် ရာကော်မတီတစ်ခု တည်ထောင်ခဲ့သည်။ ဖျက်ဆီးခံရမည့်အန္တယ်ရှိနေသည့် ယဉ်ကျေးမှုဆိုင်ရာနေရာတစ်ခုကို နယ်နမိတ်သတ်မှတ်ထားပြီး ၎င်းအတွက်ပြန်လည်ပြုပြင်ရေး အစီအစဉ်ကိုလည်း အကောင်အထည်ဖော်ပြီးဖြစ်သည်။

**SIM** ပင်မအုပ်စု – SIM ပင်မအုပ်စုတွင် ကချင်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ဒေသခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပြီး လယ်သမားကွန်ယက်အဖွဲ့အစည်းတစ်ခုဖွဲ့စည်းရန် ရပ်ရွာလူ့အဖွဲ့အစည်းခေါင်းဆောင်များ အထူးသဖြင့် လယ်သမားအုပ်စုများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ မြေယာပိုင်ဆိုင်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သတ်ပြီး မြို့နယ် (၃)ခုတွင် အသိအမြင်ဖွင့် အစည်းအဝေးများကျင်းပရန် အစိုးရရှေ့နေတစ်ဦးနှင့် SIM တို့ အောင်မြင်စွာလက်တွဲဆောင်ရွက်နိုင်ခဲ့သည်။ ပင်မ အုပ်စု၏ တာဝန်များမှာ

- မဟာဗျူဟာဆိုင်ရာဦးဆောင်မှုနှင့် လမ်းညွှန်မှုထောက်ပံ့ပေးရန်
- SIM သည် နိုင်ငံရေးနှင့် စီးပွားရေးအရ လွတ်လပ်သည့် အဖွဲ့ဖြစ်ကြောင်း သိရှိစေရန်နှင့် SIM သည် ရပ်ရွာလူ့အဖွဲ့အစည်းလုပ်ဆောင်ခွင့်ဖြင့် သာ အမြဲလုပ်ဆောင်သွားမည် ဖြစ်ကြောင်း သေချာစေရန်
- SIM သည် အစိုးရအာဏာပိုင်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများကို တာဝန်ခံရန်နှင့် ကိုယ်စားပြုရန်
- SIM အဖွဲ့ခန့်အပ်ရန်

### လယ်သမားကွန်ယက်အဖွဲ့

လယ်သမား (၁၅)ယောက် ပါဝင်သော လယ်သမားကွန်ယက်အဖွဲ့တစ်ဖွဲ့ ရှမ်းပြည်မြောက်ပိုင်းတွင်ဖွဲ့စည်းခဲ့ပြီး သူတို့၏ (၃)နှစ်စီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။ ကွန်ယက်အဖွဲ့၏ သီးခြား အောင်မြင်မှုများမှာ

- ဒေသခံလယ်သမားများ မြေယာဥပဒေကို ပိုမိုသိရှိလာစေရန် ပြုလုပ်ခြင်းနှင့် လယ်ယာမြေများကို ဂရန်ရရှိရေး ပြုလုပ်ပေးခြင်း
- စိုက်ပျိုးသူတို့၏ မြေယာပိုင်ဆိုင်လိုစိတ်ကို ဖော်ပြသော နှစ်ရှည်အသီးအနှံပင်များနှင့် သစ်မာပင်များစိုက်ပျိုးခြင်း

### TRIP-NET တွေ့ဆုံဆွေးနွေးပွဲ

၂၀၁၄ အောက်တိုဘာလတွင် တနင်္သာရီမြစ်နှင့် ဒေသခံတိုင်းရင်းသားလူမျိုးများ ကွန်ယက်အဖွဲ့ (TRIP-NET) မှ ကမော်သွေးဒေသ အထူးသဖြင့် ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်း၏ သက်ရောက်မှုဒဏ်ခံရသော ကမော်သွေးမြစ်၏ သုတေသနတွေ့ရှိချက်များကို မျှဝေခဲ့သည်။ ဧရာဝတီဝန်ထမ်းများမှ ဒေသခံတွေအနေနှင့် အချက်အလက်များစုဆောင်းပုံနှင့် လက်တွေ့ကွင်းဆင်းရာမှ ရရှိသောအတွေ့အကြုံကို ကိုင်တွယ်ဖြေရှင်းသည့် သုတေသနလုပ်ငန်းစဉ်များ အကြောင်းကိုလေ့လာခဲ့ပြီးဖြစ်သည်။

TRIP-NET ၏တွေးခေါ်ပုံနှင့်ချဉ်းကပ်ပုံတို့မှာ ဧရာဝတီနှင့် လိုက်ဖက်ညီသည်။ အဘယ့်ကြောင့်ဆိုသော် အဖွဲ့အစည်း ၂ခုလုံးယုံကြည်ထားသည်မှာ သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီသော ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်တွင် ဒေသခံလူထု၏ ယဉ်ကျေးမှုနှင့် ထုံးတမ်းစဉ်လာများအရ ၎င်းတို့၏ သဘာဝသယံဇာတများကို သူတို့ကိုယ်တိုင်ထိန်းချုပ်ခွင့်၊ စီမံခန့်ခွဲခွင့်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပါဝင်ခွင့်ရှိလာသောအခါမှသာ အောင်မြင်မှုရနိုင်မည်ဟူ၍ ဖြစ်သည်။

TRIP-NET မှာ ဧရာဝတီကဲ့သို့ စီမံကိန်းဒေသတွင် နိုင်ငံတော်မှ ထောက်ပံ့သော စီးပွားရေးလုပ်ငန်းများ တိုးမြှင့်လာမှုနှင့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍအရှိန်အဟုန်ဖြင့် ထွက်ပေါ်လာမှုကဲ့သို့ စိန်ခေါ်မှုကို ရင်ဆိုင်နေရသည်။

### (၃)နှစ်ပြည့် အထိမ်းအမှတ်ပွဲတော်

သမ္မတဦးသိန်းစိန်အစိုးရလက်ထက် မြစ်ဆုံရေကာတာဆောက်လုပ်မှုရပ်တန့်ခြင်း (၃)နှစ်ပြည့် အခမ်းအနားကို လူပေါင်း (၂၀၀) တက်ရောက်ကျင်းပခဲ့သည်။



ထိခိုက်ခဲ့သောဒေသမှ ပြည်သူလူထုအတွက်ပြပွဲများ၊ တင်ပြဆွေးနွေးမှုများနှင့် ပုံပြင်များဝေမျှခြင်းမှတဆင့် ဆက်လက်လုပ်ဆောင်နေသော ကြိုးစားမှုများကို ဤပွဲတွင်ပို၍ လေ့လာသိရှိနိုင်သည်။ ဤဖြစ်ရပ်များမှ ဒေသခံများအချင်းချင်း စုစည်းညီညွတ်လာစေသည့်အပြင် အတူတကွ လက်တွဲဆောင်ရွက်နိုင်စွမ်းကို အားကောင်းခိုင်မာလာစေသည်။ အထက်ပါပုံသည် မြစ်ဆုံ၏ မြစ်ကမ်းဘေးတွင် ကျင်းပသောအခမ်းအနား၏ပုံဖြစ်သည်။

### မြေယာဥပဒေဆိုင်ရာအသိအမြင်ဖွင့်ခြင်း

မြေယာဥပဒေအသိအမြင်ဖွင့်ခြင်း အလုပ်ရုံဆွေးနွေးပွဲမှ တက်ရောက်သူများအား လယ်ယာဥပဒေကို နားလည်သဘောပေါက်လာစေပြီး တရားဝင်ပိုင်ဆိုင်သူအဖြစ် လယ်ယာမြေဂရန်များပြုလုပ်ရန် အချက်အလက်များကို သိရှိလာစေသည်။ လယ်ယာများ၏ အကျယ်အဝန်းမြေပုံများရေးဆွဲခြင်းနှင့် လယ်ယာစီမံခန့်ခွဲရေးကဲ့သို့သော လက်တွေ့ကျသည့် အတတ်ပညာများသည်လည်း ၎င်းတို့အတွက် အသုံးဝင်သည်။

အောက်ပါဇယားတွင် ပထမနှစ်အတွင်း SIM စီမံချက်ကဏ္ဍ၏ အောင်မြင်မှုများကို အနှစ်ချုပ်ဖော်ပြထားသည်။

### လူမှုသတင်းဖြန့်ဝေခြင်းနှင့်ပူးပေါင်းဆောင်ရွက်ခြင်း (SIM) စီမံချက်ကဏ္ဍ

| လှုပ်ရှားမှုများ | နေရာ | ပါဝင်တက်ရောက်သူများ |
|---|---|---|
| ပင်မအုပ်စုဖွဲ့စည်းခဲ့၊ (၃)ကြိမ်တွေ့ဆုံခဲ့ပြီး သီးခြားလှုပ်ရှားမှုများနှင့်ဦးစားပေးလုပ်ငန်းများ ပါဝင်သော (၆)လ စီမံကိန်းရေးဆွဲခဲ့သည်။ | ကချင်ပြည်နယ်နှင့်ရှမ်းပြည် နယ်မြောက်ပိုင်း | (၁၁)ယောက် |
| လယ်သမားကွန်ယက်အဖွဲ့ ဖွဲ့စည်းခဲ့သည်။ | ရှမ်းပြည်နယ်မြောက်ပိုင်း | လယ်သမား (၁၅)ယောက် (ကျား ၁၂၊ မ ၃) |
| မြေယာကာကွယ်ရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ နေရာထိန်းသိမ်းကာကွယ်ရေးစီမံကိန်း စတင်ဆောင်ရွက်ခဲ့သည်။ | ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်နယ်များ | ယဉ်ကျေးမှုနှင့်စာပေအစည်းအရုံးနှင့်တွေ့ဆုံ ဆွေးနွေးပွဲ (၅)ခု များပြားစုံလင်သော ယဉ်ကျေးမှုနှင့် စာပေအစည်းအရုံးဆိုင်ရာကော်မတီ တစ်ခု တည်ထောင်ခဲ့သည်။ |
| အရပ်ဖက်လူ့အဖွဲ့အစည်းဆိုင်ရာအုပ်စုများ တွေ့ဆုံဆွေးနွေးပွဲ (၈)ခု ကျင်းပခဲ့သည်။ | ကချင်ပြည်နယ်ရှိကျေးရွာ သုံးရွာ၊ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ကျေးရွာ (၁)ရွာ | ဆွေးနွေးပွဲတစ်ခုလျှင်ပျမ်းမျှလူဦးရေ အယောက် (၂၀)ခန့် တက်ရောက်ခဲ့ပါသည်။ |
| မြစ်ဆုံရေကာတာ ဆောက်လုပ်မှုရပ်တန့်ခြင်း (၃)နှစ်ပြည့် အခမ်းအနားကို မြစ်ဆုံဒေသခံရပ်ရွာလူထုမှ စုပေါင်းကျင်းပခဲ့သည်။ | မြစ်ဆုံ | တက်ရောက်သူ အယောက် (၂၀၀) (ကျား ၉၀၊ မ ၁၁၀) |
| TRIP-NET မှအိမ်ရှင်အဖြစ် ဆောင်ရွက်သော သတင်းစာရှင်းလင်းပွဲ | ရန်ကုန် | ဧရာဝတီလူမှုအဖွဲ့အစည်းမှ ဝန်ထမ်း (၃)ဦး |
| မြေယာဥပဒေဆိုင်ရာအသိအမြင်ဖွင့်ခြင်း | ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ကျေးရွာ (၂)ရွာ | ပါဝင်တက်ရောက်သူ (၃၉)ယောက် (ကျား ၂၁၊ မ ၁၈) |

### မြစ်ဆုံဒေသရှိပြည်သူလူထု၏ဆန္ဒ

မြစ်ဆုံရေကာတာဆောက်လုပ်မှုရပ်တန့်ခြင်း
(၃)နှစ်ပြည့် အခမ်းအနားပိုစတာမှ
အနာဂတ်တွင်ဧရာဝတီမြစ်ကြီးတသွင်သွင်ဆက်လက်
စီးဆင်းနေစေရန်
မြစ်ဆုံဒေသရှိပြည်သူလူထု၏ဆန္ဒများနှင့်
သူတို့၏ သန္နိဋ္ဌာန်များကို ထင်ထင်
ရှားရှားရောင်ပြန်ဟပ်နေသည်ကို အောက်တွင်ဖော်
ပြထားသည်

၁။
ဧရာဝတီမြစ်ဆုံ အစဉ်ထာဝရတည်တံ့နေစေမည်

၂။
ဧရာဝတီမြစ်ဆုံဒေသနှင့် ၎င်း၏ပြည်သူလူထုသည်လည်း
အစဉ်ထာဝရတည်တံ့နေစေမည်

၃။
ဧရာဝတီမြစ်ဆုံအား ဖျက်ဆီးခြင်းကို ဆန့်ကျင်သည့်
အဖွဲ့အစည်းများ အစဉ်ထာဝရတည်တံ့နေစေမည်

၄။
ဧရာဝတီမြစ်ဆုံဒေသနှင့်ပြည်သူလူထု၏အသက်
မွေးဝမ်းကျောင်းမှုအား ဖျက်ဆီးခြင်းကို ဆန့်ကျင်သည့်
အဖွဲ့အစည်းများ အစဉ်ထာဝရတည်တံ့နေစေမည်

# ၆.
# ကလေးသူငယ်များပဋိပက္ခနှင့်စစ်ဘေးရှောင်ဒဏ်မှ ကျော်လွှားနိုင်စေရေးအနုပညာ

ကလေးသူငယ်များပဋိပက္ခနှင့် စစ်ဘေးရှောင်ဒဏ်မှ ကျော်လွှားနိုင်စေရေး အနုပညာစီမံချက်ကဏ္ဍ (ကလေးများ၏အနုပညာစီမံကိန်း) မှာ ၂၀၁၁ ဇွန်လမှစပြီး လက်နက်ကိုင် ပဋိပက္ခများကြောင့် ထိခိုက်ခဲ့သည့် ကချင်တိုင်းရင်းသားများအတွက် အဓိကရည်ရွယ်သည်။ အများစုသည် နယ်စပ်ဒေသများတွင် စစ်ဘေးရှောင်များအဖြစ် မိမိတို့၏ မိသားစုများနှင့် နေအိမ်များမှဖယ်ရှားခံရသည့်အပြင် ၄င်းတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ပိတ်ပင်တားဆီးခံရပြီးနောက် စိတ်သောကဒဏ်ရာများနှင့် မတည်ငြိမ်ခြင်းကို တစ်လျှောက်လုံး ခံစားခဲ့ရသည်။

၂၀၁၄ အောက်တိုဘာလတွင်စတင်ခဲ့သော စီမံကိန်း၏ ပထမ (၆)လ အတွင်း ဆောင်ရွက်ခဲ့မှုကို အစီရင်ခံစာတွင်ဖော်ပြထားသည်။ စီမံကိန်း၏ပထမ (၆)လသည် ဝန်ထမ်းများအတွက် ရှုပ်ထွေးပြီး မတည်ငြိမ်သော နိုင်ငံရေးအခြေအနေကို ရင်ဆိုင်နေရချိန်ဖြစ်သည်။ သူတို့၏ဘေးကင်းမှုနှင့် လုံခြုံမှုအတွက် စိတ်သောကများရသည်မှအပ စီမံကိန်းလုပ်ငန်းစဉ်များကို အစီအစဉ်တကျ ဆောင်ရွက်နိုင်ခဲ့သည်။ ဝန်ထမ်းများမှ ရုံးခန်းကိုပြန်လည်မွမ်းမံသည့် ကိစ္စဥ်ပင် ကလေးသူငယ်များအား စီမံကိန်းအကြောင်းကို စတင်လေ့လာစေရန် အထောက်အကူဖြစ်နေခဲ့သည်။ စီမံကိန်းဝန်ထမ်းများနှင့် ကလေးသူငယ်များကြားရရှိလာသော ရင်းနှီးမှုများသည် အောင်မြင်မှုများ၏ အစပင်ဖြစ်သည်။ များစွာသော ကလေးငယ်များနှင့် လူငယ်စေတနာ့ဝန်ထမ်းများအနေဖြင့် ဆေးသုတ်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများတွင် ပါဝင်ကူညီလုပ်ကိုင်ခြင်းသည် ၄င်းတို့ အချင်းချင်းရင်းနှီးမှုရစေသည့်အပြင် စီမံကိန်းအကြောင်းကို စတင်မိတ်ဆက်သည့် ခြေလှမ်းတစ်ခုလည်းဖြစ်သည်။ စီမံကိန်းဝန်ထမ်းများသည် စာသင်ကျောင်းများတွင် အခြေခံအချက်အလက်များ ကောက်ယူနိုင်ရေးအတွက်လည်း သက်ဆိုင်သူများနှင့် ချောချောမွေ့မွေ့ ဆက်သွယ်ညှိနှိုင်းမှုများ ပြုလုပ်နိုင်ခဲ့သည်။

## ပန်းတိုင်

ကချင်မျိုးဆက်သစ်လူငယ်များအား ပဋိပက္ခနှင့်စစ်ဘေးရှောင်ဒဏ်မှ ကျော်လွှားနိုင်စေရေး အနုပညာဖြင့်ဖော်ပြတတ်စေရန် အားပေး ခြင်းနှင့် မြန်မာနိုင်ငံတွင်း ကောင်းမွန်ငြိမ်းချမ်းသော လူ့ဘောင် အဖွဲ့အစည်းများ ပြန်လည်တည်ဆောက်ယူရာတွင် ပူးပေါင်းပါဝင် လာစေရန်။

## ရည်မှန်းချက်များ

- မျိုးဆက်သစ်လူငယ်များအား ၄င်းတို့၏ ယဉ်ကျေးမှုကို နက်နက်ရှိုင်းရှိုင်းနားလည်လာစေရန်နှင့် အနုပညာဖော်ပြချက်များနှင့် အခွင့်အလမ်းများဖလှယ်ခြင်းမှ ရင်းနှီးမှုတည်ဆောက်ယူခြင်း။
- ကလေးငယ်များ၊ လူငယ်များနှင့် ပိုမိုကျယ်ပြန့်သော ကချင်ရပ်ရွာလူအဖွဲ့အစည်းများအား မိမိတို့၏ စိတ်ဒဏ်ရာကို အနုပညာဖြင့် ဖန်တီးဖော်ပြတတ်စေရန် အားပေးခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာကူညီခြင်းနှင့် ကုသမှုအခွင့်အလမ်းများ ထောက်ပံ့ရန်။
- ကလေးငယ်များ၏ ကိုယ်ရေးကိုယ်တာနှင့် ရပ်ရွာလူ့အဖွဲ့အစည်းဆိုင်ရာ ဇာတ်ကြောင်းများကို ကမ္ဘာကမည်သို့ လက်ခံတုန့်ပြန်မည်ကိုသိရှိစေရန် စီမံကိန်းမှတ်တမ်းတင် ရုပ်ရှင်ရိုက်ကူးပြီး ထိုရုပ်ရှင်နှင့် ကလေးငယ်များ၏ အနုပညာဖန်တီးမှုများကို ၄င်းတို့၏ ရပ်ရွာလူ့အဖွဲ့အစည်းများ၊ ပြည်တွင်းနိုင်ငံများသာမက ပြည်ပနိုင်ငံများတွင်ပါ သွားရောက်ပြသရန်။











## စီမံချက်ကိုအကောင်အထည်ဖော်ခြင်း

ကျေးရွာများနှင့် IDPs စခန်းများမှ အသက် (၇)နှစ်မှ (၁၉)အတွင်း ကလေးငယ်များနှင့် လူငယ်များအနည်းဆုံးအယောက် (၃၅၀)ခန့် ပါဝင်သော စီမံကိန်းကိုစတင်ခဲ့သည်။ စီမံကိန်း၏ စာသင်ကျောင်း (၃)ကျောင်းမှာ ကျယ်ယန်း IDPs စခန်း မူလတန်းလွန်ကျောင်း၊ ဖုန်လုံယန် IDPs စခန်း မူလတန်းလွန်ကျောင်းနှင့် လိုင်ဇာရှိ အဲလန့်ဘွမ် IDPs စခန်းဘော်ဒါ အထက်တန်းကျောင်းတို့ ဖြစ်သည်။ ဤစာသင်ကျောင်းများမှာ ဆရာ၊ ဆရာမ (၂၁၇)ယောက်ရှိပြီး တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူစုစုပေါင်း (၂,၈၂၇) ယောက်ရှိကြောင်း၊ လက်ရှိသင်ကြားနေသော အနုပညာသင်တန်းများ ရှိမရှိနှင့် နောက်ထပ်သင်တန်းသစ်များအတွက် နေရာလွတ်ရှိမရှိ စသည့်အခြေခံအချက်အလက်များ စုဆောင်းရရှိခဲ့သည်။ စီမံကိန်းအရ ကလေးငယ်များနှင့် ရင်းနှီးလာစေရန် ၂၀၁၄ အောက်တိုဘာလမှ ၂၀၁၅ မတ်လထိ စာသင်ကျောင်း (၃) ကျောင်းမှ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း (၂,၀၂၆)ယောက် ပါဝင်သော အနုပညာသင်တန်းများကို ဆောင်ရွက်ခဲ့သည်။ စီမံကိန်းတွင်ပါဝင်ရန် ကျောင်းသား၊ ကျောင်းသူ (၃၅၀)ယောက် ရွေးချယ်ခဲ့သည်။ နောက်ထပ်တာဝန်မှာ ကျောင်းသား၊ ကျောင်းသူများ ဆရာ၊ ဆရာမများနှင့် စကားပြောခြင်း စီမံကိန်းတွင်ပါဝင်ရန် ကလေးငယ်များ ရွေးချယ်ခြင်းဖြစ်သည်။ ကလေးငယ်များ၏ အနုပညာစီမံကိန်းတွင် စာသင်ကျောင်း (၃)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၃၅၀)ယောက် ပါဝင်ခဲ့သည်။

ပန်းချီပညာကို အဓိကအနုပညာရပ်အဖြစ် သင်ကြားပေးသည်။ ပန်းချီဆွဲခြင်းမစတင်မီ ကလေးငယ်များ နေထိုင်ဖြတ်သန်းလာရသည့် အတွေ့အကြုံများနှင့် အနီးစပ်ဆုံးဆက်နွယ်သည့် ခေါင်းစဉ်များကို ကလေးငယ်များနှင့် ဆွေးနွေးရသည်။ သို့မှသာ ပန်းချီဆွဲနေစဉ်ပေါ်လာသော ရုပ်ပုံများနှင့် သူတို့၏ စိတ်ကူးစိတ်သန်းများ ရရှိအောင် ဤဖြစ်စဉ်များမှ ကူညီလှုံ့ဆော်ပေးမည်ဖြစ်သည်။ စိတ်ခံစားမှုများကိုဖော်ပြရာတွင် အရောင်များရွေးချယ်မှုနှင့် အရောင်စပ်မှုများကို ကလေးငယ်များ၏ ပန်းချီများတွင် တွေ့ရသည်မှာ အားတက်စရာဖြစ်သည်။

## လှုပ်ရှားမှုများနှင့်အောင်မြင်မှုများ

စီမံကိန်း၏ပန်းချီဆွဲသင်တန်းတွင် အဆင့် (၃)ဆင့် ပါဝင်သည်။

၁။ အရောင်များရောစပ်မှုနှင့်ပတ်သတ်ပြီး ကလေးငယ်များနှင့် စကားပြောခြင်း
၂။ ခေါင်းစဉ်တစ်ခု အဆိုပြုခြင်းနှင့်
၃။ ကျောင်းသား၊ ကျောင်းသူများအား သူတို့၏ ကိုယ်ပိုင်အရောင်များနှင့် ကောက်ကြောင်းများရှာတတ်စေရန် အားပေးခြင်း

ဒီဇင်ဘာလတွင် ပူးပေါင်းပါဝင်သော IDP စခန်း၏ မူလတန်းလွန်ကျောင်း (၂)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူပေါင်း (၁,၈၇၇) ယောက် အနုပညာသင်တန်းကျောင်းများတွင် တက်ရောက်ခဲ့သည်။ ပန်းချီကားများပေါ်မှ လက်မှတ်များကို ကြည့်ခြင်းအားဖြင့် တက်ရောက်သူများမှာ မိန်းကလေး (၉၀၂) ယောက် နှင့် ယောကျ်ားလေး (၉၄၃) ယောက် ဖြစ်ကြောင်းသိရသည်။ သို့သော်လည်း ပန်းချီကား (၃၂)ခုတွင် လက်မှတ်များမပါသဖြင့် ကလေးငယ်များ၏ လိင်အမျိုးအစားကို ခန့်မှန်း၍မရပါ။

ပန်းချီကားအကြောင်းအရာများမှာ

- ငါ၏အိမ်မက်လမ်း
- မွေးရပ်မြေသို့အပြန်လမ်း
- ငါ့ဘဝ၏သစ်ပင်
- ငါနှင့်ကိုလွမ်းပေမယ့် နင်ကဒီမှာမရှိတော့ဘူး
- ငါတို့တွေ
















ဖော်ပြပါအကြောင်းအရာတစ်ခုစီသည် ကလေးများ၏ စိတ်ခံစားမှုကို နိုးထစေသည့်အပြင် သူတို့၏နက်ရှိုင်းသော အလွမ်းများ၊ သတိရမှုများကို လှုံ့ဆော်ပေးသည်။ ပန်းချီစမဆွဲမီ စိတ်ကူးဉာဏ်ကွန့်မြူးနိုင်စေရန် ဝန်ထမ်းများမှ ကလေးငယ်များနှင့် ခေါင်းစဉ်များအကြောင်းဦးစွာဆွေးနွေးသည်။ကလေးငယ်များစွာရေးဆွဲသော ပန်းချီကားပေါင်း (၁,၈၇၇)ခုကို မနက်ခင်း နေထွက်ချိန် အလင်းရောင်တွင် ဓာတ်ပုံရိုက်ခြင်းလည်းလုပ်သည်။

ကလေးများအနေနှင့် စီမံကိန်းလုပ်ငန်းစဉ်များကို မှတ်တမ်းတင်ရန် ဒစ်ဂျစ်တယ်ကင်မရာအသုံးပြုပုံကိုလည်း လေ့လာကြရသည်။ ဖေဖော်ဝါရီလတွင် ကျယ်ယန်း IDP စခန်းမှ မူလတန်းလွန်ကျောင်းသား၊ ကျောင်းသူ (၂၉)ယောက် (မ ၁၅၊ ကျား ၁၄) နှင့် အဲလန့်ဘွမ် ဘော်ဒါအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ (၁၃၀) ယောက် (ကျား ၄၈၊ မ ၈၂) ပုံဆွဲခြင်းနှင့် ပန်းချီဆွဲခြင်း လုပ်ငန်းစဉ်များတွင်ပါဝင်ခဲ့သည်။

ခေါင်းစဉ်များကတော့

- ငါ၏အိမ်မက်လမ်း
- မွေးရပ်မြေသို့အပြန်လမ်း
- ငါ့ဘဝ၏သစ်ပင်
- ငါနှင့်ကိုလွမ်းပေမယ့် နင်ကဒီမှာမရှိတော့ဘူး
- ငါတို့တွေ

အစောပိုင်းခေါင်းစဉ်များကဲ့သို့ပင် ကလေးငယ်များ ရွေးချယ်သောအရောင်များနှင့် ရုပ်ပုံများမှ ၎င်းတို့၏ ပြင်းပြသောခံစားချက်များနှင့် နက်ရှိုင်းသော မှတ်ဉာဏ်များကို ဖော်ပြနိုင်ခဲ့သည်။ အနုပညာလှုပ်ရှားမှုများက ၎င်းတို့အတွက် စိတ်ကျေနပ်မှုနှင့် အတောမသတ်နိုင်သောပျော်ရွှင်မှုများ ယူဆောင်လာပေးသည်ဟု ကလေးများကပြောကြသည်။ အုပ်စုအချင်းချင်း ၎င်းတို့ခံစားချက်များကို ထုတ်ပြခွင့်ရသလို လှုပ်ရှားမှုများမှလည်း ၎င်းတို့၏ ဝမ်းနည်းမှုများကိုဖြေလျှော့လို့ရသည်ဟုပြောသည်။ ပန်းချီကားပေါင်း (၁၂၀)ခုကို ကလေးများကိုယ်တိုင် ဖန်တီးခဲ့သည်။ စီမံကိန်းအရ ကျယ်ယန်းမူလတန်းလွန်ကျောင်းသား၊ ကျောင်းသူ (၂၉)ယောက် အတွက် ဖေဖော်ဝါရီလ ပန်းချီသင်တန်းသည် ၎င်းတို့၏ အနုပညာရပ်ဆိုင်ရာ ဒုတိယမြောက် အတွေ့အကြုံဖြစ်သည်။ ဝန်ထမ်းများမှ တက်ရောက်စာရင်းကို ကလေးများအားဝေပေးပြီး ထိုနေ့၏ လှုပ်ရှားမှုနှင့်ပတ်သတ်ပြီး ၎င်းတို့၏ ခံစားချက်များကို ချရေးခိုင်းသည်။ ကလေးတစ်ယောက် ရေးထားသည်မှာ ==ဒီနေ့ ပန်းချီဆရာ/မတွေ သူတို့ ကတိပေးထားတဲ့အတိုင်း ငါတို့ဆီ တကယ်ပြန်လာတယ်။ ငါပန်းချီဆွဲရတယ်။ ငါအရမ်းပျော်တယ်။++ အခြားကလေးတစ်ယောက်ရေးသည်မှာ ==ဒီနေ့ငါနေမကောင်းဘူး။ ပန်းချီ ဆရာ/မတွေက ငါတို့နဲ့အတူ ပန်းချီဆွဲကြတယ်။ ပန်းချီဆွဲပြီးတဲ့နောက် ငါနေကောင်းလာတယ် ပြီးတော့ပျော်တယ်။++ အစီရင်ခံစဉ်ကာလအတွင်းမြန်မာနိုင်ငံရှိကချင်ကလေးငယ်များနှင့် တရုတ်နိုင်ငံဘက်တွင် နေထိုင်သော ကချင်ကလေးငယ်များကြား အနုပညာ ပူးပေါင်းလှုပ်ရှားမှုတစ်ခု ဆောင်ရွက်ခဲ့သည်။ တရုတ်နိုင်ငံ ကျောင်းသားသူငယ်များမှ ရွှံ့၊ အဝတ်ချုပ်အပ်များနှင့် အပ်ချည်များကိုအသုံးပြု၍ တွဲလောင်းချိတ်ရသော ရွှံ့ပန်းပုလက်ရာကို စီမံကိန်းညှိနှိုင်းဆောင်ရွက်သူမှ လိုင်ဇာသို့ ယူဆောင်လာပြီး၊ လိုင်ဇာမှ ကချင်ကလေးငယ်များမှ အပြီးသတ်ခဲ့သည်။ လိုင်ဇာ IDP စခန်းများတွင် နေထိုင်သော ကလေးငယ်များအနေနှင့် မိမိတို့အိမ်ပြန်ဖို့၊ မိမိတို့မွေးရပ်မြေက ရွှံ့/မြေကိုထိရဖို့ အချိန် လေးနှစ်လောက်ကြာခဲ့ပြီဟု တရုတ်နိုင်ငံမှ ကျောင်းသားသူငယ်များကပြောသည်။ လိုင်ဇာမှ ကလေးငယ်လေးများသည် ချိတ်ဆွဲထားသော ပန်းပုလက်ရာများကို ပျော်ရွှင်စွာ ဆေးသုတ်ခဲ့ကြပြီး ခြောက်သွေ့နေသော ရွှံ့ခဲလေးများကို ထိတွေ့ပြီး အရောင်လေးများကို ခံစားခဲ့ကြသည်။ ဤလှုပ်ရှားမှုကို ဗီဒီယိုဖြင့် မှတ်တမ်းတင်ခဲ့သည်။ စစ်ပွဲနှင့် နေရာဖယ်ရှားခံရမှုများသည် လူတွေ၏ ဘဝတွေကို ဘယ်လိုသက်ရောက်စေသလဲဆိုသည့် ဓာတ်ကြောင်းများကိုစုစည်းခြင်း ရုပ်ရှာလူ့အဖွဲ့အစည်းမှ လူများနှင့် ရင်းနှီးမှုရရန်ချဉ်းကပ်ခြင်းသည် စီမံချက်ကဏ္ဍတစ်ခုဖြစ်သည့် အားလျော်စွာ ရုပ်ရှာပြည်သူလူထု၏ ဘဝတွေကို ထိုးထွင်းမြင်နိုင်ရုံသာမက ကျောင်းသား၊ ကျောင်းသူများ၏ ဘဝတွေကိုပါ နားလည် သဘောပေါက်လာစေသည်။ စီမံကိန်းဝန်ထမ်းများသည် ကျယ်ယန်း IDP စခန်းတွင် အမျိုးသမီးကြီးများနှင့် ရင်းနှီးမှုတည်ဆောက်ရန် သူတို့၏ နေထိုင်ပြုမူပုံတွေကို ဓာတ်ပုံ ရိုက်ရင်း သွားရောက်လည်ပတ်ခဲ့ကြသည်။ အဲလန့်ဘွမ်ဘော်ဒါအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူအယောက် (၂၀) (ကျား ၁၀၊ မ ၁၀)ကို ပဋိပက္ခအခြေအနေမတိုင်ခင်နှင့်နောက်ပိုင်း ၎င်းတို့၏ အတွေ့အကြုံများကို တွေ့ဆုံမေးမြန်းခဲ့သည်။ ဤအင်တာဗျူးမေးခွန်းလွှာများနှင့် အဖြေများကို စီမံကိန်းတွင် မှတ်တမ်းတင် ထိန်းသိမ်းထားပါသည်။









စီမံကိန်းစိတ်ဝင်စားမှုတိုးတက်လာခြင်း

ဂလိုဘယ်တိုင်း(မ်စ်)၊ Documentary Arts Asia (DAA) နှင့် RANIR မှ ကိုယ်စားလှယ်များအပါအဝင် များစွာသော အသင်းအဖွဲ့များ စီမံကိန်းကို လာရောက်လေ့လာခဲ့သည်။ အလည်အပတ်ခရီးစဉ် (၅)ခုအတွင်း စီမံကိန်းဝန်ထမ်းများမှ ကျောင်းသား၊ ကျောင်းသူများ၏ နေရာဖယ်ရှားခံရမှုများ၊ ခွဲခွာရမှုများ၊ စစ်ပွဲနှင့် ပတ်သတ်သည့် ခံစားချက်များကို ဖော်ပြနိုင်ရန် အနုပညာဖန်တီးမှုက ဘယ်လောက်အကူအညီပေးသလဲဆိုတာကို ဆွေးနွေးခဲ့ကြပြီး ကလေးငယ်များ၏ အနုပညာလက်ရာများကို ခင်းကျင်းပြသခဲ့သည်။



## ၂၀၁၄ အောက်တိုဘာလမှ ၂၀၁၅ မတ်လထိ (၆)လကြာ ကလေးငယ်များ၏ အနုပညာစီမံကိန်း အောင်မြင်မှုများအနှစ်ချုပ်

| လုပ်ငန်းစဉ် | ရလဒ် |
|---|---|
| စီမံကိန်းဝန်ထမ်းခန့်အပ်ခြင်း | စီမံကိန်းဝန်ထမ်း (၃)ဦး ခန့်အပ်ခဲ့သည်။<br>စီမံကိန်းမန်နေဂျာတစ်ဦး၊ စီမံကိန်းလက်ထောက်တစ်ဦးနှင့် စာရင်းကိုင်တစ်ဦး<br>ဇွန်လတွင် ပန်းချီဆရာတစ်ဦးခန့်ရန် ရည်ရွယ်ထားသည်။ |
| စီမံကိန်းရုံးခန်းဖွင့်ခြင်း | ဒေသခံ ဒုက္ခသည်ကယ်ဆယ်ရေးကော်မတီမှ ကချင်ပြည်နယ်လိုင်ဇာတွင်အိမ်တစ်လုံး<br>လှူဒါန်းခဲ့၊ ရုံးခန်းအဖြစ်အသုံးပြုရန် ဝန်ထမ်းများအတွက် အိမ်ကိုလည်း ထောက်ပံ့ပေးခဲ့သည်။<br>အလှူရှင်တစ်ဦးမှ စီမံကိန်းအတွက် ကားတစ်စီးလှူဒါန်းခဲ့သည်။ |
| စာသင်ကျောင်း (၃)ကျောင်းမှ အခြေခံအချက်အလက်များစုဆောင်းခြင်း | အခြေခံအချက်အလက်များရယူခြင်း၊ မူလတန်းနှင့်အထက်တန်းကျောင်းသား/သူ ဦးရေ (၂,၉၂၇)ယောက်နှင့် ဆရာ၊ ဆရာမ (၂၁၇)ယောက် |
| ပါဝင်မည့် ကျောင်းသား/သူ ရွေးချယ်ခြင်း | စာသင်ကျောင်း (၃)ကျောင်းမှ ကျောင်းသား/သူ (၃၅၀)ယောက် ရွေးချယ်ခဲ့သည်။ |
| မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံရှိ ကချင်ကလေးငယ်များကြား ပထမအကြိမ်မြောက် အနုပညာပူးပေါင်းလှုပ်ရှားမှု | တရုတ်နိုင်ငံဘက်တွင်နေထိုင်သောကချင်ကလေးငယ်များပြုလုပ်ခဲ့သော ရွှံ့ပန်းပုလက်ရာကို<br>မြန်မာနိုင်ငံရှိကချင်ကလေးငယ်များမှဆေးခြယ်ခဲ့သည်။ နယ်စပ်နှစ်ဘက်လုံးမှကချင်ကလေးငယ် အယောက် (၅၀)ပါဝင်ခဲ့သည်။ |
| ပန်းချီသင်တန်းများ | ၂၀၁၄ ဒီဇင်ဘာလ ပန်းချီသင်တန်း– မူလတန်းလွန်ကျောင်းသားသူငယ် (၁,၈၇၇)ယောက် သင်တန်းတက်ရောက်ခဲ့ပြီး<br>ခေါင်းစဉ် (၅)မျိုးကိုအခြေခံ၍နံနက်စောစောအလင်းရောင်တွင် ဓာတ်ပုံရိုက်ထားပြီး ပန်းချီကားပေါင်း (၁,၈၇၇)ခုကို နေထွက်ချိန်တွင်<br>ပြသခဲ့သည်။ စီမံကိန်းတွင် ပါဝင်သူများရွေးချယ်ရန် ဤသင်တန်းတွင် ကျောင်းသားအားလုံးကို ဖိတ်ခေါ်ခဲ့သည်။ |
| | ၂၀၁၅ ဖေဖော်ဝါရီလ ပန်းချီသင်တန်း– ဒုတိယကြိမ်မြောက်ပြုလုပ်သော ပန်းချီသင်တန်းတွင် ကျယ်ယန်း IDP စခန်းရှိ<br>မူလတန်းလွန်ကျောင်းမှ ကျောင်းသား/သူ (၂၉)ယောက် တက်ရောက်ခဲ့၍ ပန်းချီကား (၂၉)ခု ရေးဆွဲခဲ့ကြသည်။<br>အဲလန့်ဘွမ် ဘော်ဒါအထက်တန်းကျောင်းမှ ကျောင်းသား/သူ (၁၃၀)ယောက်သည် အကြောင်းအရာကဏ္ဍ (၄)ခုကို အခြေပြု၍<br>ပန်းချီများရေးဆွဲခဲ့သည်။ |
| ကျယ်ယန်း IDP စခန်းရှိ သက်ကြီးရွယ်အိုအမျိုးသမီးကြီးများနှင့် ရင်းနှီးမှုတည်ဆောက်ခြင်း | စီမံကိန်းဝန်ထမ်းများသည် အတွေ့အကြုံများမေးမြန်းရန်နှင့် ရင်းနှီးမှုတည်ဆောက်ရန် ကျယ်ယန်း IDP စခန်းရှိ အသက် (၆၀)နှင့် (၉၀)ကြားရှိ<br>သက်ကြီးရွယ်အိုအမျိုးသမီးကြီး (၉)ဦးထံ လည်ပတ်ခဲ့သည်။ |
| စစ်ပွဲကြောင့်ထိခိုက်ခံစားခဲ့ရသော ကျောင်းသားများ၏ ဇာတ်ကြောင်းများစုစည်းခြင်း | အဲလန့်ဘွမ် ဘော်ဒါအထက်တန်းကျောင်းမှ ကျောင်းသား/သူ အယောက် (၂၀)ကို စစ်ပွဲမတိုင်မီနှင့် နောက်ပိုင်းအတွေ့အကြုံများ၊<br>၄င်းတို့မိသားစုများ၏လက်ရှိအခြေအနေများနှင့် IDP စခန်းကိုဘယ်လိုရောက်လာသလဲဆိုတာမေးမြန်းခဲ့သည်။ |
| စီမံကိန်းအသိအမြင်မြှင့်တင်ခြင်း | ဂလိုဘယ်တိုင်း(မ်စ်)၊ Documentary Arts Asia (DAA) နှင့် RANIR မှ ဧည့်သည်များမှ စီမံကိန်းကိုလေ့လာပြီး<br>ကလေးငယ်များ၏ ပြသထားသော အနုပညာလက်ရာများကိုကြည့်ရှုရန် (၅)ကြိမ်တိုင်တိုင် လာရောက်လည်ပတ်ခဲ့သည်။ |

## အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးရေး

ပထမနှစ်အတွင်း သတ်မှတ်ထားသောနေရာများတွင် စီမံချက် ကဏ္ဍ (၆)ခုကို အကောင်အထည်ဖော်ရန် ဧရာဝတီ၏ တစ်ပြည်လုံး ဆိုင်ရာညှိနှိုင်းဆောင်ရွက်ခြင်းနှင့် စီမံချက်ကွင်းဆင်း ဝန်ထမ်းများ ငှားရမ်းခဲ့ပြီး ရုံးခန်းများ ဖွင့်လှစ်ခဲ့သည်။ ဧရာဝတီသည် လူ အင်အားငွေအင်အားများအတွက် မိတ်ဖက်အဖွဲ့အစည်းများကို အဓိကအားပြုရသည်။ နိုင်ငံတကာအလှူရှင် (၂)ဦးထံမှ ရန်ပုံငွေများ လက်ခံရရှိခဲ့ချိန် ၂၀၁၅ မေလ နောက်ပိုင်းမတိုင်ခင်ထိ အစပိုင်း တွင် ပုဂ္ဂလိကအလှူငွေများဖြင့် လည်ပတ်ခဲ့သည်။ ၂၀၁၅ ဇန်နဝါရီ (၁၃)ရက်တွင် ဧရာဝတီကို ပြည်တွင်းလူမှုရေး အသင်းအဖွဲ့အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနမှ တရားဝင်အသိ အမှတ်ပြုခဲ့သည့်အပြင်၊ ၂၀၁၅ ဇန်နဝါရီ (၆)ရက်တွင် ဘဏ္ဍာ ရေးဝန်ကြီးဌာန၏ အခွန်ကင်းလွတ်ခွင့်ရရှိခဲ့သည်။ ဝန်ထမ်းများ နှင့် ဘုတ်အဖွဲ့ဝင်များအနေနှင့် ၄င်းတို့ အခြေခံဗဟုသုတနှင့် ကျွမ်းကျင်မှုများ ပိုမိုကြွယ်ဝအောင် လုပ်ဆောင်ခဲ့သည့်အပြင် ဝန်ထမ်းများဖွံ့ဖြိုးတိုးတက်မှုနှင့် ပါဝင်မှုတို့ကိုမြှင့်တင်ရန် ၂၀၁၅၊ မတ်လ အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးမှု (၂)ရက်ကြာ အလုပ်ရုံဆွေးနွေးပွဲ နှင့် ၂၀၁၅၊ ဇန်နဝါရီလ ဘုတ်အဖွဲ့အစည်းအဝေးတို့ကို လုပ်ဆောင်ခဲ့သည်။ အကောင်အထည်ဖော်ရန် လုပ်ငန်းများရှိနေ သေးသော်လည်း အလုပ်ရုံဆွေးနွေးပွဲအဆုံးတွင် ပါဝင်သူများသည် အရင်ကထက် လုပ်ငန်းစီမံကိန်းကို တာဝန်ယူဆောင်ရွက်ရာတွင် ပိုမိုလေးနက်လာပြီး သတ်မှတ်ထားသည့် အချိန်ကန့်သတ်ချက် နှင့်အညီ လုပ်ငန်းတာဝန်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင် ခဲ့သည်။

### ဧရာဝတီ၏ပတ်သတ်သူများအစည်းအဝေး

ဇန်နဝါရီလ (၂၁)ရက်နေ့တွင် ဘုတ်အဖွဲ့ဝင်များ၊ ပတ်သတ်သူများ နှင့် အလှူရှင်များအား နောက်ဆုံးအခြေအနေများကို တင်ပြရန် အတွက် အစည်းအဝေးတစ်ခုကျင်းပခဲ့သည်။ အစည်းအဝေး အစီအစဉ်တွင် အပိုင်း (၂)ပိုင်းပါဝင်ရာ ပထမပိုင်းအဖြစ် ဘုတ်အဖွဲ့ထံ စီမံကိန်းကဏ္ဍများ လည်ပတ်နေပုံနှင့် ဧရာဝတီလူမှုရေးအသင်း အဖွဲ့အစည်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် အဖွဲ့အစည်းတည် ဆောက်ပုံတို့ကို ဘုတ်အဖွဲ့၏အတွင်းရေးမှူးမှ တင်ပြခြင်းဖြစ် သည်။ ဒုတိယပိုင်းတွင် လိုင်ဇာမှစီမံကိန်းမန်နေဂျာ ကော့ဆိုင်းမှ ကလေးငယ်များ၏ အနုပညာစီမံကိန်းနှင့်ပတ်သတ်ပြီး တင်ပြ ခြင်းဖြစ်သည်။ သူမသည် စီမံကိန်းလုပ်ငန်းစဉ်များ အကျဉ်းချုပ်ကို တင်ပြခဲ့ပြီး ပါဝင်သည့်ကလေးငယ်များ ရွေးချယ်ခဲ့ပုံကို ရှင်းပြ ခဲ့သည်။ စီမံကိန်းမန်နေဂျာမှ ကလေးငယ်များ၏ ပန်းချီများကို ပြသခဲ့ပြီး ၄င်းတို့၏စိတ်ဒဏ်ရာကိုကုသရန် ပန်းချီ ဆွဲခြင်းအတွေ့ ကြုံများမှ ကလေးငယ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးပုံကို ပြသခဲ့သည်။ သူမ၏တင်ပြချက်တွင် စီမံကိန်းသက်ရောက်မှုနှင့် အရေးပါမှုသည် ကလေးငယ်များအား နေရာဖယ်ရှားခံရမှုများ၊ မိသားစုနှင့်ခွဲခွာရမှုများနှင့် စစ်ပွဲကြောင့်ရရှိခဲ့သော ၄င်းတို့၏ အတွေ့အကြုံများကို အနုပညာဆန်ဆန်ဖော်ပြနိုင်စေရန် အထင် အရှားထောက်ကူနေကြောင်း စိတ်ဝင်စားဖွယ်တွေ့ရသည်။ မြန်မာပြည် မြောက်ပိုင်းအခြေအနေများမှာမငြိမ်သက်သေးသော်လည်း မျှော်မှန်း ထားသည့် စီမံကိန်းပန်းတိုင်ရောက်အောင် အောင်မြင်စွာအကောင် အထည်ဖော်နိုင်ခဲ့သည်။ စီမံကိန်းတွင် ဗီဒီယိုကင်မရာ၊ အခြားလို အပ်သောပစ္စည်းများအတွက် နောက်ထပ်ရန်ပုံငွေ လိုအပ်နေသည်။ ခြုံကြည့်လျှင် ထိုတင်ပြချက်မှ ဘုတ်အဖွဲ့ကို စိတ်ကူးသစ်များ ဖြစ်ပေါ်စေသည့်အပြင် အနုပညာစီမံကိန်းများ၏ တန်ဖိုးနှင့် ပဋိပက္ခဖြစ်ပွားရာဒေသတွင် ရင်းနှီးမှုတည်ဆောက်နိုင်စွမ်းကိုပါ အားဖြည့်ပေးနေသည်။ တက်ရောက်သူ (၂၂)ယောက်တွင် ဘုတ် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များပါဝင်သည်။

### *ကျေးဇူးတင်လွှာ

မေတ္တာဖြင့်ပံ့ပိုးကူညီသည့် အောက်ပါအဖွဲ့အစည်း များနှင့်တစ်ဦးချင်းအလှူရှင်များအား ဧရာဝတီမှ အထူးကျေးဇူးတင်ပါသည်။

မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း
မြစ်ကြီးနားရုံးမှ စီမံကိန်းရုံးခန်းနေရာပေးခြင်း၊
ဒေသခံ ဒုက္ခသည်ကူညီရေးကော်မတီမှ
ပညာရေးဌာန လိုင်ဇာတွင်
စီမံကိန်းရုံးခန်းပေးခြင်း၊
Rhoda မှလိုင်ဇာအတွက်ဗီဒီယိုကင်မရာလှူခြင်း၊
ရက်ရက်ရောရောလှူဒါန်းခဲ့သောအလှူရှင်များ၊
လိုင်ဇာတွင် အနုပညာစီမံကိန်းအတွက် ကားတစ-
ီးလှူဒါန်းမှု၊

ခင်စုဌေးမှစစ်ဆေးပြီးသော ၂၀၁၄–၁၅ ဘဏ္ဍာရေး နှစ်အတွက် ဘဏ္ဍာရေးအစီရင်ခံစာအပြည့်အစုံကို တောင်းဆိုရယူနိုင်သည်။





## ဘဏ္ဍာရေး

### စီမံကိန်းရန်ပုံငွေ
### လက်ခံရရှိငွေစာရင်းနှင့်ပေးချေငွေစာရင်း
### ၂၀၁၄ ဧပြီလ (၁)ရက်မှ ၂၀၁၅ မတ်လ (၃၁)ရက်ထိ*

| | USD |
|---|---|
| ၂၀၁၄ ဧပြီလ (၁)ရက် လက်ကျန်ငွေ စာရင်းဖွင့်ခြင်း | ၆၆,၂၇၇. ၇၃ |
| လက်ခံရရှိသော ငွေစာရင်း | |
| ဘဏ်အတိုးနှင့် အခြားဝင်ငွေ | ၅,၃၆၄. ၀၁ |
| လက်ခံရရှိသော ထောက်ပံ့ကြေးငွေ | |
| သီးခြားအလှူရှင် လပိုင်နန်ဆိုင်းမိုင် | ၃၇,၆၀၀. ၄၆ |
| EBO | ၄၈,၆၇၆. ၃၆ |
| Oxfam Novib (EUR ၅၇,၉၈၁. ၉၂) | ၇၄,၈၃၇. ၂၆ |
| စုစုပေါင်း လက်ခံရရှိငွေ | ၁၆၆,၄၇၈. ၀၉ |
| ကြိုတင်ထုတ်ယူငွေ၏ ပြန်အမ်းငွေ | ၃,၂၄၁. ၂၈ |
| စုစုပေါင်းလက်ခံရရှိငွေ | ၂၃၅,၉၉၇. ၁၀ |
| စုစုပေါင်း | ၂၃၅,၉၉၇. ၁၀ |

| | | USD |
|---|---|---|
| တိုက်ရိုက်ထောက်ပံ့ကြေး | | ၂၄,၆၄၃. ၅၁ |
| အဆောက်အအုံ | | ၄,၆၇၅. ၀၈ |
| လေ့ကျင့်ရေးသင်တန်း | | ၄,၆၀၅. ၇၃ |
| အစည်းအဝေး | | ၈,၁၈၇. ၄၈ |
| ဖိုရမ် | | ၂,၂၈၅. ၄၀ |
| သုတေသန၊ စစ်တမ်း၊ လှုံ့ဆော်မှု၊ လှုပ်ရှားမှု အပြန်အလှန် လည်ပတ်ခြင်း | | ၉,၃၂၆. ၅၉ |
| အတိုင်ပင်ခံလစာ | | ၄,၆၄၅. ၇၇ |
| ခရီးသွားလာရေးနှင့် သယ်ယူပို့ဆောင်ရေး | | ၆,၀၈၉. ၉၂ |
| ပကိရိယာများ | | ၁,၇၁၀. ၉၂ |
| ပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများ | | ၅၃၇. ၁၅ |
| ပြည်တွင်းခရီးစရိတ် | | ၇,၀၅၂. ၆၈ |
| ရုံးခန်းငှားရမ်းခြင်း | | ၇,၉၀၅. ၂၂ |
| ရုံးခန်းပြင်ဆင်ခြင်းနှင့် ထိန်းသိမ်းခြင်း | | ၁၁,၃၇၈. ၃၄ |
| ဝန်ထမ်းလစာများ | | ၃၂,၆၆၅. ၃၁ |
| ကချင်စစ်ဘေးရှောင် လူမှုရေးလုပ်ငန်း | | ၁၄,၄၃၄. ၅၅ |
| စီမံခန့်ခွဲရေးဆိုင်ရာ ကုန်ကျစရိတ် (ပင်မဘတ်ဂျက်) | | ၁၁,၂၂၄. ၈၂ |
| မရွှေ့ပြောင်းနိုင်သောပစ္စည်းများ | | |
| ပစ္စည်းကိရိယာများ | | ၃,၉၀၇. ၀၀ |
| ပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများ | | ၅၃၇. ၁၅ |
| စုစုပေါင်းအသုံးစရိတ် | | ၁၅၅,၈၁၂. ၆၂ |
| ကြိုတင်ထုတ်ယူငွေ | | ၉,၃၂၄. ၁၀ |
| ငွေလဲလှယ်ခြင်းကွာဟမှု | | ၁,၂၈၅. ၇၁ |
| စုစုပေါင်း ပေးချေငွေ | | ၁၆၆,၄၂၂. ၄၃ |
| ၂၀၁၅ မတ်လ (၃၁)ရက် လက်ကျန်ငွေစာရင်းပိတ် | | ၆၉,၅၇၄. ၆၇ |
| စီမံကိန်းရန်ပုံငွေ | ၂၀,၇၆၀. ၈၄ | |
| အရန် ရန်ပုံငွေ | ၄၈,၈၁၃. ၈၃ | |
| | ၆၉,၅၇၄. ၆၇ | |
| စုစုပေါင်း | | ၂၃၅,၉၉၇. ၁၀ |

# Map of Airavati Programme Areas




ဧရာဝတီ လူမှုရေးအသင်းအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာ၊ ဇွန်လ ၂၀၁၅

## တည်ထောင်သူများနှင့် ဘုတ်အဖွဲ့ဝင်များ

ဘုတ်အဖွဲ့ဝင်များမှာ အကြံပေးသူများ သက်သက်မဟုတ်ဘဲ ရောဝတီကို ကိုယ်တိုင်ကိုယ်ကျတက်ကြွစွာ ကူညီပံ့ပိုးကြသူများ ဖြစ်ကြသည်။

ဒေါ်လဖိုင်ဆိုင်းရော် – ဘုတ်အဖွဲ့၏ ဥက္ကဋ္ဌဖြစ်ပြီး မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းကို တည်ထောင်သူတစ်ဦးလည်းဖြစ်သည်။ မေတ္တာတွင် ၂၀၁၁ မတိုင်မီထိ အမှုဆောင်ဒါရိုက်တာ အဖြစ် လုပ်ဆောင်ခဲ့သည်။ သူမသည် ၂၀၁၃ခုနှစ်တွင် ရာမန်မက်ဂ်ဆိုင်းဆိုင်း (Ramon Magsaysay) ဆုလက်ခံရရှိခဲ့ပြီး ရောဝတီလူမှုအသင်းအဖွဲ့၏ မတည်ရန်ပုံငွေများအတွက် သူမရရှိခဲ့သော ဆုကြေးငွေများကို လှူဒါန်းခဲ့သည်။ ဒေါ်လဖိုင်ဆိုင်းရော်သည် ရောဝတီမြစ်စတင်ဖြစ်ပေါ်ရာ ကချင်ပြည်နယ်ဇာတိသူဖြစ်သည့် အားလျော်စွာ ရောဝတီမြစ်ကို ထိန်းသိမ်းစောင့်ရှောက်လိုသည့် အရင်းခံစိတ်ဓာတ်ပြင်းထန်သည်။

ဒေါက်တာနွဲ့ကေခိုင် – သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် မီဒီယာပညာရပ်နယ်ပယ်များဆိုင်ရာ သုတေသီတစ်ဦးဖြစ်သည်။ သူမသည် သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီသောဖွံ့ဖြိုးမှု၊ အုပ်ချုပ်မှု အကြောင်းအရာများနှင့် ပတ်သက်သောသင်တန်းတွင် ပံ့ပိုးဆောင်ရွက်သူနှင့် အတိုင်ပင်ခံအဖြစ် ဆောင်ရွက်လျက်ရှိပြီး လွန်ခဲ့သော (၁၀)နှစ် ကတည်းက သတင်းစာများ၊ မဂ္ဂဇင်းများတွင် ပုံမှန်ရေးသားလျက်ရှိသည်။ သူမသည် ယဉ်ကျေးမှု၊ လေ၊ ရေ၊ မြေ စသည့်အများနှင့် သက်ဆိုင်သော သဘာဝအရင်းအမြစ်များကို သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီသောနည်းဖြင့် သဘာဝ သယံဇာတ ခန့်ခွဲမှုအမြင်ကို အားပေးလှုံ့ဆော်ရာတွင် လှုပ်ရှားဆောင်ရွက်သူဖြစ်သည်။ သူမ၏ ဇာတိမှာ မော်လမြိုင်ဖြစ်သည်။

ဦးမြင့်ဇော် – ဂျူးဖောင်ဒေးရှင်း၏ စီမံချက်မန်နေဂျာနှင့် တည်ထောင်သူလည်းဖြစ်သည်။ International Eleven Weekly ၏ အမှုဆောင်အယ်ဒီတာဟောင်းတစ်ဦးဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းရေးခြင်းကို ဆယ်နှစ်ကျော်မျှ အလေးထား လုပ်ဆောင်ခဲ့ပြီး၊ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးပညာကို နိုင်ငံရပ်ခြားတွင်ဆက်လက်လေ့လာခဲ့သည်။ မြန်မာနိုင်ငံအရပ်ဖက်လူမှုအဖွဲ့အစည်းများအကြောင်းကို နိုင်ငံတကာမှ ပိုမိုနားလည်နိုင်ရန် ပညာပေးလှုံ့ဆော်ရေးလုပ်ငန်းများတွင် အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်သူဖြစ်သည်။

ဦးမောင်လှသောင်း – ဗိသုကာတစ်ဦးဖြစ်ပြီး ပတ်ဝန်းကျင် နှင့် သင့်တင့်လျောက်ပတ်သော သဘာဝကျသည့် အဆောက်အအုံ ဒီဇိုင်းများကို အဓိကရေးဆွဲသည်။ ပတ်ဝန်းကျင်နှင့် ကိုက်ညီသော ဒီဇိုင်းများရေးဆွဲခြင်းနှင့် စွန့်ပစ်ပစ္စည်းများ ပြန်လည်အသုံးပြု ပေါင်းစပ်ဖန်တီးခြင်းများကို လုပ်ဆောင်ရာတွင် အစိုးရမဟုတ်သော ဒေသခံအဖွဲ့အစည်းများ၏ အတိုင်ပင်ခံတစ်ဦးဖြစ်သည်။

ဒေါ်လုဂျာ – မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း တည်ထောင်သူ တစ်ဦးဖြစ်သည်။ သူမသည် တိမွေးကုဆရာဝန်ဖြစ်ပြီး ကချင်ပြည်နယ် အလမ်ကျေးရွာရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဒေသများမှ ပြည်သူလူထုကို နှိုးဆော်စည်းရုံးခဲ့သည်။ ဖွံ့ဖြိုးရေး လုပ်သားတစ်ဦးဖြစ်သော သူမ၏ဦးဆောင်မှုကြောင့် မေတ္တာ၏ ပထမဆုံးသင်တန်းရိပ်သာ (Centre of Action Research and Demonstration) ကို ထူထောင်နိုင်ခဲ့သည်။ သူမသည် HIV နှင့် AIDS ပညာပေးသူအဖြစ်လည်း ဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် သူမသည် မေတ္တာမြစ်ကြီးနားရုံးခွဲ၏ ညှိနှိုင်းရေးမှူး အဖြစ်ဆောင်ရွက်နေပါသည်။

ဦးစောမင်းနိုင် – မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း တည်ထောင်သူတစ်ဦးဖြစ်ပြီး မေတ္တာ၏ စီမံခန့်ခွဲရေးအဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ သူသည် တိမွေးကုပညာနှင့် နိုင်ငံတကာဖွံ့ဖြိုးမှု ပညာရပ်များကို လေ့လာခဲ့သည်။ မေတ္တာစီမံကိန်းများ မရှိသေးသော ဒေသများမှ ရပ်ရွာလူ့အဖွဲ့အစည်းသစ်များနှင့် ရင်းနှီးမှုရယူရန် မေတ္တာမှ တာဝန်ပေးခံရသော ပထမဆုံး ဝန်ထမ်းတစ်ဦး ဖြစ်သည်။ သူသည် မေတ္တာစတင်တည်ထောင်သည့် အချိန်ကပင် ရပ်ရွာလူထုတက်ကြွပါဝင်ရေးအတွက် ဦးဆောင် လှုပ်ရှားခဲ့သူဖြစ်သည်။

ဦးစိုင်းစမ်ခမ်း – မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၏ လက်ရှိ အမှုဆောင်ဒါရိုက်တာဖြစ်သည်။ သူ၏ ဇာတိဖြစ်သော ရှမ်းပြည်နယ်တွင် မေတ္တာ၏ စေတနာ့ဝန်ထမ်းအဖြစ် စတင် ဆောင်ရွက်ခဲ့ပြီး (၆)နှစ်အကြာတွင် (၂၀၁၁ခုနှစ်တွင်) မေတ္တာ၏ ဒုတိယမြောက်အမှုဆောင်ဒါရိုက်တာ ဖြစ်လာခဲ့သည်။

ဦးညီညီဇော် – စီးပွားရေးနှင့် ဘဏ္ဍာရေးပညာကျွမ်းကျင် သည့် လက်မှတ်ရစာရင်းကိုင်တစ်ဦးဖြစ်ပြီး မေတ္တာ၏ လက်ရှိ ဘဏ္ဍာရေးဦးစီးမှူးလည်းဖြစ်သည်။ သူသည် မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးကို အလေးထားလုပ်ဆောင်လိုပြီး ရပ်ရွာဒေသအချို့မှ ကလေးများ ဘဝတက်လမ်း တိုးတက် ကောင်းမွန်လာစေရန် ဝိုင်းဝန်းကူညီနေသည်။

ဒေါက်တာကျော်သူ – ခံတွင်းနှင့် သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ဦးဖြစ်သည်။ သူသည် ပေါင်းကူးအဖွဲ့တည်ထောင်သူ ဖြစ်ပြီး အသင်း၏ လက်ရှိဒါရိုက်တာလည်း ဖြစ်သည်။ ပေါင်းကူးသည် မြန်မာနိုင်ငံ၏အစိုးမဟုတ်သည့် အဖွဲ့အစည်း တစ်ခုဖြစ်ပြီး ပေါင်းကူးဟူသည့်အမည်နှင့်လျော်ညီစွာပင် အရပ်ဖက် လူမှုအဖွဲ့အစည်းများ အားကောင်းခိုင်မာလာအောင် လုပ်ဆောင်ရာတွင် ပေါင်းကူးသဖွယ် ကူညီပံ့ပိုးခြင်းကြောင့် အသိအမှတ်ပြု ခံရသည်။ ဒေါက်တာကျော်သူသည် သူ၏အတွေ့အကြုံများဖြင့် နိုင်ငံတစ်ဝန်းတွင် တန်းတူညီတူဖြစ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီသော ဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးနှင့် လူမှုတရားမျှတရေး လုပ်ငန်းများတွင် အားသွန်ခွန်စိုက်ဆောင်ရွက်နေသူဖြစ်သည်။

ဒေါ်ဥမ္မာခိုင် – စိုက်ပျိုးရေးပညာရှင်တစ်ဦးဖြစ်ပြီးAustralian Centre for International Agricultural Research (ACIAR)တွင် စီမံချက်မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်နေသည်။ သူမသည် စားနပ်ရိက္ခာဖူလုံရေး၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေး၊ ကျေးလက်နေ ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ သိပ္ပံပညာနှင့် မူဝါဒအပြန်အလှန်သက်ရောက်မှု၊ စီမံကိန်းဒီဇိုင်း၊ ဖွံ့ဖြိုးရေးနှင့် စီမံခန့်ခွဲရေး၊ စွမ်းရည်တည်ဆောက်ရေးနှင့် ပြည်သူလူထုအသိ အမြင်မြှင့်တင်ရေးတို့တွင် (၂၁)နှစ်ကြာမျှ လုပ်ကိုင်ခဲ့သူဖြစ်သည်။

ဦးမော်ထွန်းအောင် – Natural Resource Governance Institute၏ မြန်မာနိုင်ငံတာဝန်ခံဖြစ်ပြီး၊ပြည်သူ့ပေါ်လစီအကြံပေး အဖွဲ့ Another Development ကို တည်ထောင်သူဖြစ်သည်။ သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီသော ဖွံ့ဖြိုးရေးလုပ်ငန်းနယ်ပယ် တွင် အတွေ့အကြုံရှိသူဖြစ်ပြီး ကိန်းပျူတာသိပ္ပံ၊ လူမှုမူဝါဒနှင့် လူမှုဖွံ့ဖြိုးရေး၊ အရာထမ်းစီမံခန့်ခွဲမှု ပညာရပ်များကို လေ့လာခဲ့သူဖြစ်သည်။



## ပါဝင်လှူဒါန်းခြင်း

ရောဝတီလူမှုရေးအသင်းအဖွဲ့၏ လုပ်ငန်းများကို ဒေသခံနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့များမှ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်

| | | |
|---|---|---|
| ဘဏ်လိပ်စာ | – | ၈၀/၈၆၊ မဟာဗန္ဓုလပန်းခြံလမ်း ရန်ကုန်၊ မြန်မာနိုင်ငံ |
| ကုတ်နံပါတ် | – | MFTBMMMY |
| တယ်လက်နံပါတ် | – | 21300 BANKFE BM<br>21348 BANKFE BM |

**USD Account**

| | | |
|---|---|---|
| Account နာမည် | – | ရောဝတီလူမှုရေးအသင်းအဖွဲ့ လှိုင်မြို့နယ် |
| Account နံပါတ် | – | 1 DA-03-00177 |

**EUR Account**

| | | |
|---|---|---|
| Account နာမည် | – | ရောဝတီလူမှုရေးအသင်းအဖွဲ့ လှိုင်မြို့နယ် |
| Account နံပါတ် | – | 1 EA-03-00013 |

ကမ္ဘောဇဘဏ် ကမာရွတ်ဘဏ်ခွဲ

**MMK Account**

| | | |
|---|---|---|
| Account နာမည် | – | ရောဝတီလူမှုရေးအသင်းအဖွဲ့ လှိုင်မြို့နယ် |
| Account နံပါတ် | – | 0211230003068 |